# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၄၁)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက် ၊၅-၈-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲ

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ အမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ❒

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ အင်္ဂါနေ့။
မန္တလေး နေ့စဉ်

## စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများကိုပြည့်စုံစေမည်

ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်သည်။ စာပေလေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။

"စာအုပ်စာပေလူ့မိတ်ဆွေ" ဆိုသည့်စကားကဲ့သို့ စာပေသည် လောကလူသားများအတွက် ဘဝတစ်သက်တာ အကျိုးပြုနိုင်သည့် မိတ်ဆွေစစ်ဖြစ်သည်။ စာပေရေးသားသူများသည် မိမိတို့ တွေ့ကြုံရသည့် အတွေ့အကြုံများ၊ အသိအမြင်များကို အရင်းတည်ကာ စာဖတ်သူများအား သင်ယူမှတ်သားရန် ရေးသားထားခြင်းဖြစ်သည်။ စာအုပ်စာပေများသည် ဖတ်ရှုလေ့လာသူများအား အသိအလိမ္မာဟူသော အကျိုးကျေးဇူးများကို ရရှိစေသဖြင့် စာပေသည် လူသားတို့၏ဘဝကို ပဲ့ကိုင်လမ်းညွှန်ပေးနိုင်သည့် အရာပင်ဖြစ်သည်။

လောကတွင် သင်ဆရာ၊မြင်ဆရာ၊ကြားဆရာဟူ၍ ဆရာအမျိုးမျိုးရှိသည့်အနက် စာပေသည် မြင်ဆရာတစ်မျိုးဖြစ်သည်။ စာအုပ်၊စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်ကြွယ်ဝလာမည်ဖြစ်သည်။ အတွေးအခေါ် အယူအဆမှန်ကန်လာမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာတို့ တိုးပွားစေမှုစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စာပေသည် လူသားတိုင်းအတွက် ဉာဏ်မျက်စိကို ဖွင့်ပေးနိုင်သဖြင့် စာအုပ်စာပေမှ ရရှိလာမည့် အကျိုးကျေးဇူးတို့ကား ကြီးမားလှပါသည်။

စာပေဖတ်ရှုသူ စာဖတ်နာသူများသည် အတွေ့အကြုံများ၍ ရင့်ကျက်စေနိုင်သည်။ ထို့ပြင် စာအုပ်စာပေဖတ်ရှုခြင်းဖြင့် ဖတ်ရှုသူတို့၏ ဘဝကို အကောင်းဘက်သို့ရောက်အောင် စာပေကပို့ဆောင်ပေးနိုင်ပေသည်။ လူသားတိုင်း၏ လောကလူ့ဘောင်တွင် ဆောင်သင့်ရှောင်သင့်သည့် အကြောင်းအရာအမျိုးမျိုးနှင့် နည်းပညာယူစရာများသာမက ဝါသနာပါသည့် အကြောင်းအရာများကို အသေးစိတ်လေ့လာဆည်းပူးနိုင်မည်ဖြစ်သည်။

စာပေဖတ်ရှုလေ့လာသူများသည် တစ်နေ့တစ်ခြား အသိပညာ ဗဟုသုတကြီးမားတိုးတက်လာပြီး အသိဉာဏ်ပညာ ထက်မြက်လာစေမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးကြောင့် အတွေးအခေါ် အယူအဆ မှန်ကန်ဖြောင့်မတ်လာစေရုံမျှမက အတွေးသစ်၊ အကြံသစ်၊ဉာဏ်သစ်များရရှိကာ လုပ်ဆောင်လိုသည့် ကိစ္စမှန်သမျှကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလိမ္မာစာမှာရှိဆိုသကဲ့သို့ ကောင်းမြတ်သောအသိပညာ အလိမ္မာများရရှိနိုင်စေရန် စာအုပ်စာပေများကို ဖတ်ရှုသင့်ကြောင်းကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက "သားမယားပင် သိမြင်ကင်းကွာ၊ မလိမ္မာလည်းစာပေစကားနေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာတည်း" ဟူ၍စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးကို သိရှိမှတ်သားရန် လမ်းညွှန်ပြသခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကအသိပညာ၊ အတတ်ပညာ ကြွယ်ဝသောလူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ အလိမ္မာ စာမှာရှိသကဲ့သို့ ကောင်းမြတ်သောအလိမ္မာပေးစွမ်းနိုင်သော စာအုပ်စာပေများကို ဖတ်ရှုခြင်းလေ့လာမှတ်သားရမည်ဖြစ်သည်။ စာအုပ်စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများကိုပြည့်စုံစေလျက် လူသားတို့၏ဘဝကို မြှင့်တင်နိုင်သည်။ ဆရာသဖွယ် ထိန်းကွပ်ပဲ့ကိုင်လမ်းညွှန်မှုများ ပေးနိုင်မည့် စာအုပ်စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ တောင်သူပညာပေးမိုးစပါးစံပြကွက် ဧက(၁၀၀)စိုက်ကွင်းအား ကြည့်ရှုခဲ့ပြီး တောင်သူများနှင့်တွေ့ဆုံ



**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးသည် ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်၊ အင်တိုင်းကျေးရွာအုပ်စု၌ စပါးစိုက်တောင်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေး မိုးစပါးစံပြကွက် ဧက ၁၀၀ စိုက်ကွင်းအား ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် တွေ့ဆုံခဲ့ရာ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်အောင်က ကျောက်ဆည်မြို့နယ်တွင် အဓိကပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသည့် သီးနှံများအကြောင်းနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် သီးနှံတစ်မျိုးချင်းစီအလိုက် လျာထားစိုက်ပျိုးသွားမည့် ကျေးရွာအုပ်စုများနှင့် သီးနှံဧကများအကြောင်း ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက ကျောက်ဆည်ဒေသသည် ဆည်၊ မြောင်း၊ ချောင်း၊ ကန်ပေါများပြီး ရေ၊ မြေကောင်းသည့်အတွက် စပါးသီးနှံများစိုက်ပျိုးရာ၌ တစ်ဧကကောက်ကွက်ပြည့်မီရေးနှင့် သွင်းအားစုများထည့်သွင်းရာနှင့် ပေါင်းမြက်များရှင်းလင်းရာတွင် လိုအပ်ချိန်၌ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားရေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနများမှ တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် လိုအပ်ချက်များရှိပါက တင်ပြဆွေးနွေးသွားကြရန် ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ထို့နောက် လူမှုရေးရာဝန်ကြီးသည် မိုးစပါးစံပြကွက် ဧက ၁၀၀ စိုက်ခင်းများနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်ထားသည့် လက်ဆွဲမျိုးစေ့ချကိရိယာများအား ကြည့်ရှုခဲ့ကြောင်းနှင့် တောင်သူပညာပေး မိုးစပါးစံကွက် ဧက ၁၀၀ စိုက်ကွင်းသည် အင်တိုင်းကျေးရွာအုပ်စု တောင်သူ ၃၂ ဦး၏ လယ်မြေဧက ၁၀၀ တွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး စိုက်ပျိုးရာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးဆောင်မှုဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပျိုးထောင်စိုက်ပျိုးခြင်းနည်းစနစ်များဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားကားဝင်းအနီး၊ ဓာတ်ငွေ့စက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှာရုံ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက် တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း၆၀၊ ၂၇ လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(ဈ-၁နှင့်၂)ကြား၊ ၆၁လမ်းနှင့် ၁၀၇ လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇ လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင်လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail. com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၄) နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❒ ရှေ့ဖုံးမှ

ထိုသို့စစ်ဆေးရာတွင် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၄)နေရာရှိ ရေထွက်ပေါက်နေရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် အမြန်လမ်းမကြီးရှိဆောက်လုပ်ရေးရိပ်သာသို့ ခေတ္တရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ် ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ နှစ်တန်း(သို့မဟုတ်)သုံးတန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲ/ယာရှိ သစ်တောကြိုးဝိုင်း ကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ငါးဧက/၁၀ ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်း၊ အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ တရားမဝင်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် အခြားတရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အမြန်လမ်းမကြီးဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အမြန်လမ်းပေါ်သို့တက်ရောက်ရန်အတွက် တရားမဝင်လမ်းများ ဖောက်လုပ်ထားရှိမှုမရှိစေရေးနှင့် အမြန်လမ်းမပေါ်တက်ရောက်မည့် သတ်မှတ်ထားသည့် လမ်းများကိုလည်း အမြန်လမ်းမကြီးဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဖောက်လုပ်ရေးအတွက်လည်း ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား လေးလမ်းသွား နိုင်လွန်ကတ္တရာခင်း၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး စီမံချက်ရေးဆွဲသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဆက်လက်ထွက်ခွာလာကြပြီး ဆွာချောင်းတံတား ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်၊ ဆွာချောင်းကမ်းထိန်းလုပ်ငန်းများနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ လမ်းနယ် ပေ ၂၀၀ အတွင်း အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးသွားရန်၊ လမ်းနယ်အတွင်း လေကာပင်များကို လမ်းဖြင့် ၁၀ ပေခြား၍ နှစ်တန်း(သို့မဟုတ်) သုံးတန်း စိုက်ပျိုးသွားရန်

❖ လမ်းဘေးဝဲ / ယာရှိ သစ်တောကြိုးဝိုင်း ကြိုးပြင်တောများကိုလည်း ယခုနှစ်မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ငါးဧက / ၁၀ ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လို





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ဝင်းအတွင်းရှိ ရေကန်နှင့် ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သည့် သီးပင်စားပင်စိုက်ခင်း နေရာပြကွက်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)နှင့် ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့သို့ သွားရောက်၍ ခင်းကျင်းပြသထားရှိမှုများနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ရှိ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှုကို ကြည့်ရှုစဉ်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့် မော်တော်ယာဉ် ပြသထားရှိမှုနှင့် မော်တော်ယာဉ်အား ပြင်ဆင်နေမှု၊ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ မှတ်တမ်းဓာတ်ပုံများနှင့် ပုံတူပန်းချီကားများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူရုပ်တု၊ ဗိုလ်ချုပ်၏ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝ မှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဧည့်ခန်း၊ အထူးအစည်းအဝေးခန်း၊ အိပ်ခန်း၊ စာကြည့်တိုက်တို့အတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ ကောင်းမွန်နေစေရေး အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း၊ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးလိုင်းများ သွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ဗိုလ်ချုပ်၏ မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှု ရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး အတွက် လမ်းဘေးဝဲ၊ယာရှိသစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များ မရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်းရှိ ရေကန်၊ ဗိုလ်ချုပ်ကိုယ်တိုင် စိုက်ပျိုးခဲ့သည့် သီးပင်စားပင် စိုက်ခင်းနေရာပြကွက်နှင့် ပြတိုက်ပတ်လမ်းအတိုင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကန်၏ပုံသဏ္ဌာန်အမှန်ကို ပြန်လည်ဖော်ထုတ်လေ့လာ၍ နဂိုမူလပုံစံမပျက် ပြသထားရှိရန်လိုကြောင်း၊ စာမျက်နှာ ၅ သို့

☆ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်နေစေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆက်လက်ဆောင်ရွက်

☆ သမိုင်းမှတ်တမ်းဓာတ်ပုံများအား ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လို၊ မီးလိုင်းများသွယ်တန်းထားရှိမှုများကိုလည်း စနစ်တကျဖြစ်စေရေးဆောင်ရွက်

☆ ဗိုလ်ချုပ်၏မိန့်ခွန်းများမှ မိန့်ခွန်းကောက်နုတ်ဖော်ပြထားမှုအား လွယ်ကူရှင်းလင်းစွာဖတ်ရှုလေ့လာနိုင်ရေး ကြည်လင်ပြတ်သားမှုရှိအောင် ပြန်လည်ဆောင်ရွက်ပြသထားရှိရန်လို

❂ စာမျက်နှာ ၄ မှ

ပြတိုက်သို့ လာရောက်လေ့လာသူများကိုလည်း စနစ်တကျ စာရင်းသွင်း ထားရှိရန်လိုပြီး ထူးခြားသည့် ကိန်းဂဏန်းများဖြစ်သည့် ရာပြည့်၊ ထောင်ပြည့် လာရောက်သူများ အတွက် သင့်လျော်သည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သွားရန်လိုကြောင်း မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ်ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံတစ်ခု ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလုပ်ချိန်တွင် စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့ကို ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် သတ်မှတ်ချိန်များအတွင်း အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ လိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသို့ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများကို ခေတ်မီနည်းပညာများအသုံးပြု၍ ယခုထက် ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင် ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထိုးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် ယခင်ခေတ်က အသုံးပြုခဲ့သည့် ပုံစံများအတိုင်းဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးများရုံး အဆောက်အအုံအတွင်းလှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများ ပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အအုံ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

☆ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လို

☆ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လို၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်နှင့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် ထိုခေတ်တွင် မီခဲ့သည့် သတင်းစာဆရာကြီးများ၊ စာရေးဆရာများအား လိုက်လံမေးမြန်း၍ တစ်ပုံစံတည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုကို ပြန်လည်မြှင့်တင် ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျ သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်းရှိ ရုံးခန်းများ၊ စာကြည့်တိုက်၊ တရားခွင်များနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ပြတိုက်အတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပစေရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# မဟာမုနိရွှေထီးတော်ကြီး

ထိန်ထိန်လင်း

မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး ကိန်းဝပ်စံပယ်ရာ ယခုလက်ရှိ မဟာသုဝဏ္ဏပါသာဒရွှေကျောင်းတော်ကြီးအား သီပေါအရှင်နှစ်ပါး ပါတော်မူပြီးနောက် (၇)နှစ်တိတိအကြာ ကောဇာသက္ကရာဇ် ၁၂၅၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အေဒီ-၁၈၉၂)တွင် မဟာသီရိသုခသေဠ အနောထပိဏ်ဘွဲ့ခံ သူဌေးကြီး ဦးပိန် အမှူးပြုလှူဒါန်းငွေအရပ်ရပ်ဖြင့် မင်းထင်ပညာသိဒ္ဓိကျော်ခေါင်ဘွဲ့ခံ အုတ်ဝန်မင်း ဦးဘိုးကြီး၊ ဝန်စာရေးတော်ကြီး ဦးယော တို့မှ ဦးဆောင်၍ ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် ပထမအုတ်မြစ်တော်ချ၊ အမြောက်သံ ၁၃ ချက် ပစ်ဖောက်ပြီး စတင်ဆောက်လုပ်ခဲ့ကြပါသည်။

ထိုသို့ ကျောင်းတော်ကြီး ဆောက်လုပ်ရာတွင် မူလဂန္ဓကုဋိတိုက်တော်ကို ဖျက်သိမ်းလုပ်ဆောင်ရမည်ဖြစ်ရာ ရဟန်းရှင်လူအပေါင်းမှ သဘောကြိုက်ညီခြင်းမရှိသဖြင့် တည်ဆောက်မှုကို ရပ်ဆိုင်းထားခဲ့ရပြီး အချိန်ကြန့်ကြာနေခဲ့ပါသည်။ ထိုကိစ္စအား ကင်းဝန်မင်းကြီးနှင့် မှူးဟောင်း၊ မတ်ဟောင်း၊ မဟာရာဇာစော်ဘွားများက ကောဇာသက္ကရာဇ် ၁၂၅၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်နေ့တွင် သာသနာပိုင်ဆရာတော်ဘုရားကြီးထံ စာတင်၍ လျှောက်ထားခဲ့ကြပါသည်။ ထို့အပြင် မန္တလေးမြို့ ဂူန္တာန်ရပ်၊ ဆူးခါးကျောင်းဆရာတော် သုမနဝံသာဘိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုမနက မဟာမုနိရုပ်ရှင်တော်မြတ် ကိန်းဝပ်တော်မူသည့် ဂန္ဓကုဋိတိုက်တော်ကို မဖျက်သိမ်းသင့်ကြောင်း လောက၊ ဓမ္မအထောက်အထားများဖြင့် စာတမ်းရေးသားတော်မူကာ ခရိုင်ဝန်မင်း၊ အုတ်ဝန်မင်းတို့နှင့်အတူ ဆရာတော်ဘုရားကြီးထံ တင်သွင်းလျှောက်ထားခဲ့ကြပါသည်။

ဤသို့ဖြင့် ဂန္ဓကုဋိတိုက်တော်ဖျက်၍ ကျောင်းတော်ကြီး ဆောက်လုပ်ရန် သင့်၊ မသင့် ဝိဝါဒကွဲပြားမှုတွင် မဖျက်သင့်ကြောင်း အတည်ပြုငြိမ်းအေးသွားခဲ့ပြီးနောက် ရန်ကုန်မြို့ အင်ဂျင်နီယာမင်းကြီး မစ္စတာ ဟင်နရီဖော့မှ ခေတ်သစ်ဗိသုကာစနစ်အရ သံထည်များ ထည့်သွင်း၍ အင်္ဂတေသံကွန်ကရစ်များ စိုက်ထူကာ ကျောက်ထုပ်ပေါင်းကူးသော အဆောက်အအုံပုံစံများနှင့်အတူ လက်ထောက်အင်ဂျင်နီယာ မစ္စတာဘူအား စေလွှတ်ခဲ့ပါသည်။

၎င်းအဆောက်အအုံပုံစံနှင့်တကွ အကြံပြုချက်များအား ဘဏ္ဍာတော်ထိန်းအဖွဲ့မှ မှူးဟောင်း၊ မတ်ဟောင်း၊ ပြည်သူအပေါင်းတို့ထံ တင်ပြညှိနှိုင်းခဲ့ကြပြီးနောက် ကောဇာသက္ကရာဇ် ၁၂၅၆ ခု တန်ခူးလဆန်း ၁၄ ရက် (၁၈၉၅-ဧပြီလ)တွင် ပညာရှိတို့ပေးအပ်သော မင်္ဂလာအခါအတိုင်း အမြောက်သံအချက်ရေ ၃၀ ကြားစေလျက် ရာဇဝတ်ဝန်ထောက်ဦးနီအား ကြပ်မတ်စေပြီး ငါးတောင်အနက်၊ အရင်းအုတ်မြစ်ချ ဒုတိယသဘင် ကျင်းပခဲ့သည်။ ကောဇာသက္ကရာဇ် ၁၂၅၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် တနင်္ဂနွေနေ့တွင် စမြင်သုံးထပ်လုံးအား တောင်တော်သာသနာပိုင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ဖြင့် တတိယအကြိမ် အုတ်မြစ်ချတော်မူပြီး ကျောင်းတော်ကြီး ဆောက်လုပ်စေခဲ့ပါသည်။ ကြားကာလတွင် မစ္စတာဘူ အလုပ်မှ နုတ်ထွက်သွားခဲ့ပြီး ကင်းဝန်မင်းကြီးနှင့် ဝန်စာရေးတော်ကြီး ဦးကံထူးတို့မှ ကြီးကြပ်လျက် ဝန်စာရေးတော်ကြီး ဦးယော၊ မစ္စတာဒေါနင်းတို့မှ ဦးဆောင်ပြီး ကောဇာသက္ကရာဇ် ၁၂၅၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် ကြာသပတေးနေ့ (၁၈၉၇-ဇူလိုင် ၂၂)တွင် ဆက်လက်ဆောက်လုပ်ခဲ့ကြရာ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် (အေဒီ-၁၈၉၈)၌ ဆောက်လုပ်မှုအလုံးစုံ ပြီးစီးခဲ့ပါသည်။

**ပထမအကြိမ် ရွှေထီးတော်တင်လှူ ပူဇော်ခြင်း**

ကျောင်းတော်ကြီး ဆောက်လုပ်ပြီးစီးပြီးနောက် မင်းဆွေမင်းမျိုးများ၊ မှူးတော်မတ်တော်ဟောင်းများ၊ မဟာရာဇာစော်ဘွားကြီးများနှင့် ဘဏ္ဍာတော်ထိန်းလူကြီးများက ပထမရွှေထီးတော်ကြီး ပြုလုပ်တင်လှူပူဇော်ခဲ့ကြပါသည်။ ၎င်းရွှေထီးတော်ကြီးမှာ ဘုံ(၇)ဆင့် ပါရှိပြီး ထီးဝ (၄)တောင်၊ ထီးပတ်လည်အဝန်း ၁၂ တောင်၊ ထီးတော်အခြေမှ စိန်ဖူးတော်အထိ အရပ်ရပ်အမြင့် ၁၅ တောင် ၁ ထွာ ရှိပါသည်။ ရွှေထီးတော်ကြီးအား သံဖရိန်ဖြင့် ပြုလုပ်ထားပြီး ကပ်လှူထားသည့် နရကာရွှေချိန်ပေါင်းမှာ (၁၁၉၉)ကျပ် (၁)မူး ဖြစ်ပါသည်။ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့တွင် ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေးဆည်းလည်း လုံးရေများစွာ ချိတ်ဆွဲထားပါသည်။ စိန်၊ ကြောင်၊ နီလာ၊ နဝရတ်ကိုးပါးတို့ကို ဇမ္ဗူရစ်ရွှေသားပြင်၌ ဆန်းကြယ်စွာ စီခြယ်ထားပြီး အဖိုးအနဂ္ဃဖြစ်၍ တန်ဖိုးမဖြတ်နိုင်ခဲ့ကြောင်း သိရပါသည်။

၎င်းရွှေထီးတော်ကြီးနှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ဝန်ထောက်မင်း ဦးနီက ကြပ်မတ်၍ ချမ်းအေးသာစံအရပ်မှ ရတနာပုံရွှေမြို့တော်ကို လှည့်လည်အပူဇော်ခံပြီး ပွဲလမ်းသဘင်အခမ်းအနားဖြင့် ဆောင်ယူပါသည်။ ထို့နောက် မဟာမုနိဘုရားရင်ပြင် အရှေ့မြောက်ကုသိုလ်တော်၊ သုဓမ္မာတန်ဆောင်းတော်ကြီး၌ထားရှိပြီး အပူဇော်ခံတော်မူသည်။ တီးမှုတ်ကခုန်ပွဲသဘင်တို့ ဆင်ယင်ကျင်းပပြီး ဘုရားကြီးအရှေ့မျက်နှာရှိ နတ်လမ်းမကြီး (ယခု-နာရီစင်အနီး)မှ ဖြည်းညင်းညင်သာစွာ စကြာရထားဖြင့် ထီးတော်ကို ပင့်ဆောင်တင်လှူခဲ့ကြပါသည်။ အမြောက်သံ ၆၀ ပစ်ဖောက်၍ ထီးတော်တင်လှူပွဲ အောင်မြင်ပြီးမြောက်ကြောင်း အသံပေးသည်။ ထိုနေ့မှာ ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက် အင်္ဂါနေ့ ဖြစ်ပါသည်။ ရွှေထီးတော်အထွတ်တင်လှူပွဲသို့ များပြားလှစွာသော ရဟန်းရှင်လူပြည်သူအများ ပီတိသဒ္ဒါပွားများစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။

**ဒုတိယအကြိမ် ရွှေထီးတော်တင်လှူ ပူဇော်ခြင်း**

ပထမရွှေထီးတော်ကြီးသည် တင်လှူပူဇော်အပြီး နှစ်ပေါင်း ၁၈ နှစ်ခန့်အကြာ ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ် ကဆုန်လဆန်း ၅ ရက် စနေနေ့ (အေဒီ-၁၉၁၆)တွင် ပြင်းထန်သည့် မိုးလေမုန်တိုင်း တိုက်ခတ်သည့်ဒဏ်ကြောင့် ထုပိကာတော်၊ ငှက်မြတ်နားတော်နှင့်တကွ မြေသို့ ခခဲ့ရလေသည်။ ပထမကမ္ဘာစစ်ကာလအတွင်းဖြစ်သည့် မဟာမုနိဘဏ္ဍာတော်ထိန်းအဖွဲ့မှ မုန်တိုင်းဒဏ်ခံအပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီးနောက် ဒုတိယအကြိမ် ရွှေထီးတော်သစ် တင်လှူပူဇော်ရန် စီမံဆောင်ရွက်ခဲ့ကြပါသည်။ ဒုတိယအကြိမ် တင်လှူပူဇော်နိုင်ရေးဆောင်ရွက်ရာတွင် ရွှေထီးတော်သစ်ကြီးအတွက် အရပ်ရပ်ကုန်ကျငွေကျပ် ၃၀၀၀၀ ကျော်အား ကမ္ဘောဇရဋ္ဌ သီရိပဝရ မဟာဝံသသုဓမ္မရာဇာဘွဲ့ခံ ရပ်စောက်မဟာရာဇာစော်ဘွားကြီး စောခိုင်နှင့် မဟာဒေဝီတို့က တာဝန်ယူလှူဒါန်းပူဇော်ခဲ့ပါသည်။ ၎င်းဒုတိယရွှေထီး တော်သစ်ကြီးအား သံဖရိန်ဖြင့် ပြုလုပ်ထားပြီး ဘုံ (၉)ဆင့်ပါရှိပါသည်။ မင်းကြီးမဟာမင်းထင်စည်သူ၊ ဝက်မစွပ်မြို့စားဝန်ထောက် ဦးလတ်က ရေးထုံးနည်းများနှင့်အညီ ပန်းတဉ်းသည်၊ ပန်းတိမ်သည်၊ ပန်းပဲသည်တို့နှင့် စီမံအုပ်ချုပ်လုပ်ဆောင်ခဲ့ကြောင်း သိရပါသည်။

ရွှေထီးတော်ကြီးနှင့်အတူ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ညောင်ရွှေမဟာရာဇာစော်ဘွားကြီး ဆာစောမောင်နှင့် မဟာဒေဝီတို့က လှူဒါန်းပါသည်။ ညောင်ရွှေဟော်နန်း၌ ပန်းတိမ်လက်ထက်တို့ဖြင့် တာဝန်ယူလုပ်ဆောင်ခြင်းဖြစ်ပြီး စိန်ဖူးတော်တွင် ရွှေသားအလေးချိန် ၁၉၉ ကျပ်၊ ငွေသားအလေးချိန် ၉၅ ကျပ်၊ ပတ္တမြား၊ နီလာနှင့် စိန်အလုံးရေ ၆၄၈ ပွင့် ပါဝင်ပါသည်။ ရွှေပန်းသွား၊ ငွေပန်းသွားတို့အကြား၌ ရွှေသားအလေးချိန် ၄၆ ကျပ်၊ ငွေသားအလေးချိန် ၉၅ ကျပ်၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား ရတနာလုံးရေ ၄၈၀ ပါဝင်ပါသည်။ (၁၁)ရတီရှိ စိန်အစစ်ရတနာကို အဖူးအထွတ်၌ထားရှိပြီး ၎င်းဒုတိယစိန်ဖူးတော်အတွင်း၌ ပထမစိန်ဖူးတော်အားငုံ၍ ပြုလုပ်ထားပါသည်။ ထို့အပြင် အလေးချိန် ၂၀ ကျပ်သားရှိ ရွှေညောင်ရွက်ဆည်းလည်း (၁)လုံး၊ အလေးချိန် (၁)ပိဿာ(၁၀)ကျပ်သားရှိ ငွေညောင်ရွက်ဆည်းလည်း (၁)လုံး၊ အလေးချိန် ၃၇ ကျပ်သားရှိ ငွေဆည်းလည်း (၁)လုံး၊ အလေးချိန် (၃၄)ကျပ်သားရှိ ငွေဆည်းလည်း (၁)လုံး၊ ကြေးနှင့် ငွေစပ်သော ဆည်းလည်း (၁၂)လုံး လှူဒါန်းပူဇော်ထားပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

# မိုးရာသီနှင့်ဆိုလာစွမ်းအင်

ယခုတလော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကြောင့် ပြည်သူအချို့က ဆိုလာစွမ်းအင်အပေါ် စိတ်ဝင်စားလာကြပြီး "မိုးရာသီမှာ ဆိုလာစွမ်းအင်ကို အသုံးပြုနိုင်ပါ့မလား၊ ဆိုလာစွမ်းအင် လျော့ကျသွားနိုင်လား" စသည်ဖြင့် မေးနေကြ၊ ပြောနေကြသဖြင့် ပြည်သူများ သိရှိနိုင်ကြစေရန် ဤဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ရာသီဥတုပြင်းထန်ပြီး မိုးများသည့်နိုင်ငံဖြစ်သောကြောင့် ဆိုလာတပ်ဆင်လိုသူများမှ " Solar Panel များကို မိုးရာသီမှာရော အသုံးပြုလို့ရနိုင်လား" ဆိုပြီး စိတ်ပူနေကြတာလည်းဖြစ်ပါသည်။ ဆိုလာဆိုသည်မှာ အလင်းစွမ်းအင်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲပေးသည့် စနစ်တစ်ခုဖြစ်သောကြောင့် အလင်းရောင်ရရှိမှုနှုန်း နည်းသည့် မိုးရာသီအတွက် Solar System က စိတ်ပူစရာတစ်ခုလို့ ထင်နေကြခြင်းလည်း ဖြစ်ပါသည်။

မိုးရာသီတွင် နေရောင်ခြည်ရရှိမှုနှုန်း နည်းပါးသော်လည်း Solar Panel များမှ နေရောင်ခြည်မရသည့် အချိန်များမှာ အလင်းရောင်ကို စုပ်ယူထိန်းသိမ်းထားနိုင်သောကြောင့် မိုးရာသီမှာလည်း ဆိုလာ Panel များက ကောင်းစွာအလုပ်လုပ်နိုင်ပါသည်။ မိုးရာသီမှာ နေရောင်ခြည်တိုက်ရိုက်ရရှိမှု နည်းသွားသည့်အတွက် Solar Panel များ၏ Watt ထွက်ရှိမှုသည် နွေရာသီကဲ့သို့ အပြည့်အဝ မရနိုင်ပါ။ တိမ်ဖုံးနေသည့် အုံ့မှိုင်းသည့်နေ့များ၊ မိုးဖွဲဖွဲရွာနေသည့် အချိန်များမှာ ဆိုလျှင်တောင် Solar Panel များသည် Diffused Sunlight (ပျံ့နှံ့နေတဲ့အလင်းရောင်) မှ လျှပ်စစ်စွမ်းအင်ကို ဆက်လက် ထုတ်ပေးနိုင်ပါသေးသည်။ တိကျသည့် ရာခိုင်နှုန်း(%)အနေဖြင့် တိမ်ထုအခြေအနေ၊ မိုးရွာသွန်းမှုပမာဏ၊ Panel ၏ အရည်အသွေးနှင့် System တပ်ဆင်ထားပုံများအပေါ် မူတည်ပြီး ကွာခြားချက်ရှိနိုင်ပါသည်။ လုံးဝမထွက်တော့ခြင်းမဟုတ်ဘဲ၊ အတိုင်းအတာ တစ်ခုအထိတော့ ဆက်လက်အလုပ်လုပ်နေဆဲဖြစ်ပါသည်။ ဥပမာ - နေသာသည့်နေ့၏ ၃၀% မှ ၆၀% လောက်အထိ အခြေအနေပေါ်မူတည်ပြီး ရရှိနိုင်ပါသည်။ အမှန်မှာ ဆိုလာပြားများသည် photovoltaic (PV) ဆဲလ်များကို အသုံးပြု၍နေရောင်ခြည်ကို လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးသည့် ကိရိယာတစ်ခုဖြစ်သည်။ PV ဆဲလ်များသည် အလင်းနှင့် ထိတွေ့သောအခါ အီလက်ထရွန်များကို ထုတ်ပေးသည့်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ အီလက်ထရွန်များသည် ဆားကစ်တစ်ခုမှတစ်ဆင့် စီးဆင်းပြီး အမျိုးမျိုးသော စက်ပစ္စည်းများကို ပါဝါအသုံးပြုရန် သို့မဟုတ် ဘက်ထရီများတွင် သိမ်းဆည်းထားနိုင်သည့် တိုက်ရိုက်



လျှပ်စီးကြောင်း (DC) လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည်။ ဆိုလာပြားများကို ဆိုလာဆဲလ်ပြားများ၊ ဆိုလာလျှပ်စစ်ပြားများ သို့မဟုတ် PV မော်ဂျူးများဟုလည်း လူသိများသည်။ ခေါင်မိုးများပေါ်တွင် ဆိုလာအခင်းအကျင်းများ တပ်ဆင်ထားကြလေ့ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

မောင်မောင်စွယ်စုံထွန်း

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Make Me Believe တူရကီဇာတ်ကား အချစ်၊ အမုန်း ဒွန်တွဲနေပုံအကြောင်း ရိုက်ကူးထား



ဥရောပအာရှဖြစ်သည့် တူရကီလူမျိုး များ၏ ချောမောလှပမှုနှင့် အနုပညာ ရှင်များကို ရှုခင်းလှလှများနှင့် တွဲ၍ Make Me Believe ဇာတ်ကား ဖန်တီး ထားရာ အချစ်၊ အမုန်းဒွန်တွဲနေသည့် လူငယ်နှစ်ဦးအကြောင်းဖြစ်သည်ဟု ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြ သည်။

အဘွားသူငယ်ချင်းနှစ်ဦးက မြေး နှစ်ဦးကို ဖူးစာဆုံစေလို၍ တွေ့ပေးရာ မှ မျက်နှာချင်းဆိုင်မရ မုန်းတီးခဲ့ကြပြီး အဘွားနှစ်ဦးနှင့်အတူ ရုံးရောက်ဂတ် ရောက် ဖြစ်ခဲ့ကြသည်။

ချောမောလှပသော တူရကီအနု ပညာရှင်နှစ်ဦးနှင့် ရှုခင်းလှလှပပများ ဖြင့် ရိုက်ကူးထားပြီး အဘွားနှစ်ဦးဆန္ဒ ကို ဖြည့်ပေးနိုင်မည့် မြေးနှစ်ဦးဖြစ်ရန် လှည့်ကွက်များစွာသုံး၍ တင်ဆက်ထား သည်။ (SKY)



## လူ့အရေပြားက အေးမြမှုကို မည်သို့ခံစားသိရှိပြီး ဦးနှောက်သို့ အချက်အလက် ပို့ဆောင်ပေးပုံကို လေ့လာတွေ့ရှိ

လူ့အရေပြားက အေးမြမှုကို မည်သို့ခံစားသိရှိပြီး ဦးနှောက်သို့ အချက် အလက် ပို့ဆောင်ပေးပုံအကြောင်း ရှင်းပြနိုင်သည့် အာရုံခံပတ်လမ်းကြောင်း နှင့်ပတ်သက်၍ မကြာသေးမီက အမေရိကန်ပြည်ထောင်စု မီချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့ကြသည်။

အေးမြသောအာရုံခံစားမှုအတွက် သီးသန့်ဖြစ်သည့် အာရုံကြောလမ်းကြောင်း အပြည့်အစုံကို ပထမဆုံးအကြိမ်အဖြစ် အဆိုပါပညာရှင်များ ရေးဆွဲဖော်ပြနိုင် ခဲ့ခြင်းဖြစ်သည်။ အပူနှင့်အအေးကို ခံစားသိရှိရန်အတွက် သီးခြားဇီဝစနစ်များက တာဝန်ယူထားသည်ဟု ယင်းတွေ့ရှိချက်က သက်သေပြခဲ့သည်။

"လူ့အရေပြားက အေးမြတဲ့အပူချိန်ကို ခံစားသိရှိနိုင်တဲ့ လမ်းကြောင်း တစ်ခုကို ကျွန်တော်တို့ရရှိခဲ့ပါပြီ။ ဒါဟာ အရေပြားကနေ ဦးနှောက်အထိ လမ်းကြောင်းအပြည့်အစုံကို ရှင်းလင်းစွာ ဖော်ထုတ်နိုင်ခဲ့တဲ့ အပူချိန်အာရုံခံစားမှု ဆိုင်ရာ ပထမဆုံးအာရုံကြောပတ်လမ်းဖြစ်ပါတယ်"ဟု မီချီဂန်တက္ကသိုလ် မော်လီကျူလာ၊ ဆဲလ်နဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ ဇီဝဗေဒတွဲဖက်ပါမောက္ခဖြစ်သူ ဦးဆောင်သုတေသီဘိုဒူအန်က ရှင်းပြသည်။ (SCI)

## Celine Dion က ပြိုင်ဆိုင်လိုစိတ်မရှိသော်လည်း မခံချင်စိတ်ရှိခဲ့



ကမ္ဘာကျော်အနုပညာရှင် စလင်း ဒီယွန်သည် သီချင်းဆိုရန်သာ စိတ်ထဲ ရှိသူဖြစ်ပြီး ပြိုင်ဆိုင်လိုစိတ်မရှိသော် လည်း မခံချင်စိတ်ရှိသူဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထုတ်လုပ်သူ ဒေးဗစ်ဖောစတာနှင့် လက်တွဲ၍ Falling into You အခွေ အသံသွင်းစဉ်က All By Myself တွင် မူကြမ်းသွင်းစဉ်က တစ်ကီးချိန်း ထားရာမှ အချောသွင်းချိန်တွင် တစ်ကီး နှင့်တစ်ဝက်ထိ ပိုမြင့်၍ ဒေးဗစ်ဖောစတာ က တင်ထားခဲ့သည်။


စလင်ဒီယွန်၏အသံကို သိပြီးဖြစ် ၍ တင်ထားရာ စဉ်းစားနေသော စလင်း ဒီယွန်ကို မဆိုနိုင်လျှင်ထားလိုက်ရန်၊ ဒီကီးနှင့်ဆိုနိုင်သည့် ဆိုချင်သည့်သူ များရှိသည်ဟု ပြောလိုက်၍ မခံချင်စိတ် နှင့် အသံထသွင်းခဲ့သည်ဟု ဒေးဗစ်ဖော စတာက ပြန်လည်ပြောပြထားသည်။ (SKY)

## Johnny Depp ကို Before Night Folls တွင် အမျိုးသမီး ဇာတ်ရုပ်နှင့်တွေ့ရ

နာမည်ကျော်ဟောလိဝုဒ်အနုပညာ ရှင်များ ဆန့်ကျင်ဘက်လိင်အဖြစ် သရုပ် ဆောင်ခဲ့ကြရာ ဂျွန်နီဒတ်လည်း ပါဝင် ပြီး အချို့မှာ အော်စကာဆုပါရရှိထား ကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

ဆန့်ကျင်ဘက်လိင်နေရာမှ သရုပ် ဆောင်ခဲ့သည့် အနုပညာရှင်များတွင် Hairspray နှင့် ဂျွန်ထရာဘိုတာ၊ Mrs Doubtfire နှင့် ရိုဘင်စီလျံစ်၊ Breakfast On Pluto နှင့် စီလီယန် မူရ်ဖူ၊ Before Night Falls နှင့် ဂျွန် နီဒတ်တို့ကို အမျိုးသမီးဇာတ်ရုပ်နှင့် တွေ့ကြရသည်။

အင်ဂျလီနာဂျိုလီကလည်း Solt တွင် ယောက်ျားလေးတစ်ဦးပုံစံနှင့် ဇာတ် ရုပ်နှင့် လိုက်ဖက်စွာ သရုပ်ဆောင် ထားသည်။ (SKY)



## Lee Na Young ဏ Honor တွင် ပါဝင်ရန် စဉ်းစားနေ

နာမည်ကြီးအနုပညာစုံတွဲဖြစ်သည့် ဝမ်ဘင်းနှင့် လီနာယောင်းတို့ လက် ထပ်ပြီး အနုပညာလုပ်ငန်းများနှင့် ဝေး ကွာနေကြရာမှ ဇနီး လီနာယောင်းက Honor တွင် ပါဝင်ရန် စဉ်းစားနေ ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

အဆိုပါ ဥပဒေနှင့်ဆိုင်သည့် ရှေ့ နေဇာတ်ကားတွင် ရျောင်အွန်ချာနှင့် အတူ လီနာယောင်း ပါဝင်ရန် ဇာတ်ညွှန်း ဖတ်နေပြီး စဉ်းစားနေသည်ဟု အေဂျင် စီက ပြောကြားအတည်ပြုထားသည်။ ခင်ပွန်းဝမ်ဘင်းမှာ ဇာတ်ကားရိုက်ကူး ခြင်း လုံးဝမရှိဘဲ ပရဟိတလုပ်ငန်းများ နှင့်သာ အချိန်ကုန်နေသည်။ (SKY)






## Echo Of Her Voice တရုတ်ဂီတဒရာမာကား လူကြိုက်များခဲ့

တရုတ်အနုပညာလောကတွင် ရှား ပါးသည့် ဂီတဒရာမာကား Echo Of Her Voice တွင် ဂီတကို မြတ်နိုးသူ အကြောင်း ရိုက်ကူးထား၍ လူကြိုက် များခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဂီတကို နှစ်သက်ကြသည့် Dong Sheng ဒေသတွင် နာမည်ကျော်ဂီတမြတ်နိုးသူ တစ်ဦးရှိပြီး လျှို့ဝှက်ချက်များနှင့် ပြည့် နေကာ ဂီတပညာရှင်သစ်များစုဆောင်း ရင်း ပါရမီရှင်တစ်ဦးနှင့်တွေ့ရှိခဲ့ရာမှ ဂီတဒရာမာဇာတ်လမ်းတစ်ပုဒ် ပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။

ပါရမီရှင်လေး၏ ဂီတစွမ်းရည်ကို ဖွဲလမ်းမိသည့် ဂီတမြတ်နိုးသူတို့အကြောင်း ရိုက်ကူးထားသည်။ (SKY)

## G Dragon ၏ Ubermensch ကိုယ်တိုင်ရေးသားသီဆိုထားသည့် သီချင်း ရှစ်ပုဒ်ရှိ



ကေပေါ့ပ်ဘုရင်ကြီး ရှစ်နှစ်ကြာမှ ပြန်လည်ရောက်ရှိလာကာ ထွက်ရှိထား သမျှ သီချင်းတိုင်း အောင်မြင်မှုရရှိထား ပြီး တတိယမြောက် Ubermensch တွင် သီချင်း ရှစ်ပုဒ်လုံးကို သိမ်းပိုက် နိုင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်း သည် တတိယမြောက် ဂီတအယ်လ် ဘမ် Full Album ကို ဖေဖော်ဝါရီ ၂၅ရက်တွင် သီချင်း ရှစ်ပုဒ်နှင့် ထုတ် ခဲ့ရာ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆို ထားပြီး Perfect All Kill ဖြစ်ခဲ့ သည်။

အနောက်တိုင်းမီဒီယာများက ဂျီဒ ရယ်ဂွန်၏ အရည်အချင်းကို ကေပေါ့ပ် အိုင်ဒေါလ်များအတွက် ရှေ့ဆောင်လမ်း ပြ အဖိုးတန်အနုပညာရှင်အဖြစ် ဖော် ပြထားကြသည်။ အဆိုပါ တတိယ မြောက် ဂီတအယ်လ်ဘမ်တွင် Too Bad, Drama, Home Sweet Home, Take Me, Gyro-drop, Bonamana, Ibelongiiu နှင့် Power တို့ ပါဝင်ကြပြီး Power ကို ပထမ Home Sweet Home ကို ဒုတိယနှင့် တတိယ Power Ubermensch တို့ကြောင့် ကေပေါ့ပ်ဘုရင် ကြီးဟု ချီးကျူးထားကြသည်။(SKY)

# ကနေဒါမြောက်ပိုင်း နှင်းဖုံးတောင်ကြောပေါ်ရှိ တူးဖော်ရေးလုပ်ငန်းမှ ၁၃၁ ပေရှည်သော ရွှေနှင့်ကြေးနီ သတ္တုသိုက်တူးဖော်တွေ့ရှိ

**အော့တဝါ ဩဂုတ် ၄**

ကနေဒါနိုင်ငံမြောက်ပိုင်း ဘီစီပြည်နယ်ရှိ နှင်းဖုံးတောင်ကြောပေါ်မှ တူးဖော်ရေးစက်တစ်ခုသည် မြေမျက်နှာပြင်အောက် ၅၉ ပေအကွာတွင် ကြေးနီ-ရွှေ သတ္တုသိုက်ကို တွေ့ရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အမာ့ခ်ရင်းမြစ်ကုမ္ပဏီ၏ ဂိုးလ်စီမံကိန်းမှ တွင်းနံပါတ် ဂျေပီ ၂၄၀၅၇ သည် ပျမ်းမျှအားဖြင့် တစ်တန်လျှင် ရွှေ ၁ ဒသမ ၂၄ ဂရမ်နှင့် ကြေးနီ ၀ ဒသမ ၃၈ ရာခိုင်နှုန်းပါ ဝင်သော ၁၃၁ ပေအရှည်ရှိသည့် သတ္တုသိုက်ကို ဖြတ်သန်းသွားခဲ့သည်။

ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဒေါက်တာဒိုင်အန် နီကိုလ်ဆင်က ဒါဟာ အမာ့ခ်ကုမ္ပဏီနဲ့ ရှယ်ယာရှင်တွေအတွက် အရေးပါတဲ့အခိုက်အတန့်ပါပဲဟု ထုတ်ဖော်ပြောကြားသည်။

မြေအောက်အနက်ပိုင်းတွင် တွေ့ရှိရသည့် ယင်းသတ္တုသိုက်တွင် ပေ ၁၉၀ အကွာမှ ရွှေ ၁ ဒသမ ၉၇ ဂရမ်နှင့် ကြေးနီ ၀ ဒသမ ၄၉ ရာခိုင်နှုန်းတို့လည်း ပါဝင်သည်။ ထိုသို့တွေ့ရှိမှုကြောင့် ကုမ္ပဏီ၏ရှယ်ယာဈေးနှုန်းသည် ကုန်သွယ်ရေးနှစ်ရက်အတွင်း နှစ်ဆကျော်မြင့်တက်ခဲ့သည်။

ယခုတွေ့ရှိသည့် သတ္တုဇုန်အသစ်သည် ထင်ရှားကျော်ကြားသော ရွှေတြိဂံနယ်မြေနှင့် ဆက်စပ်လျက်ရှိသည့် တူးဒေါ့ဂုန်း မီးတောင်ပေါက်ကုန်းတွင်းပိုင်း၏ မြောက်ဘက်အစွန်းတွင် တည်ရှိကြောင်း သိရသည်။

**Mon**

# ရာထူးတာဝန်မှ ဆိုင်းငံ့ခြင်းခံရသည့် ပေတုန်တန်ရှင်နာဝပ်ထရာ အယူခံလွှာတင်သွင်း



**ဗန်ကောက် ဩဂုတ် ၄**

ကျင့်ဝတ်ဖောက်ဖျက်မှုဖြင့် ထိုင်းဝန်ကြီးချုပ် ရာထူးတာဝန်မှ ဆိုင်းငံ့ခြင်းခံရသည့် ပေတုန်တန်ရှင်နာဝပ်ထရာသည် ၎င်း၏ အယူခံလွှာကို အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဩဂုတ် ၄ ရက်တွင် တင်သွင်းခဲ့ကြောင်း ဝန်ကြီးချုပ်၏ အတွင်းရေးမှူးချုပ် ပရောမင်လတ်ဆူရီဒတ်က ပြောကြားသည်။

အယူခံလွှာတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို ဖြည့်သွင်းပြီးနောက် ပေတုန်တန်၏ ကိုယ်စားလှယ်များသည် ၎င်းအယူခံလွှာကို အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ပေတုန်တန်အနေဖြင့် အခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမိန့်ချမှတ်ခြင်းမပြုမီတွင် ရာထူးတာဝန်မှ နုတ်ထွက်ခဲ့ကြောင်း ကောလာဟလသတင်းများနှင့် ပတ်သက်၍ ၎င်းအချက်သည် မှန်ကန်မှုမရှိကြောင်းနှင့် ပေတုန်တန်အနေဖြင့် ဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ရန် ဥပဒေအရ ဆောင်ရွက်နေသည်ဟု ၎င်းက ပြောကြားသည်။

အယူခံလွှာတင်သွင်းရန် ရက်သတ်မှတ်ချက်ကို နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ပြီးနောက် ဩဂုတ် ၄ ရက်တွင် နောက်ဆုံးတင်သွင်းရန် အခြေခံဥပဒေဆိုင်ရာခုံရုံးက သတ်မှတ်ခဲ့သည်။ နယ်စပ်ဒေသအရေး ဖုန်းဖြင့် ဆွေးနွေးမှုပေါက်ကြားခဲ့ပြီးနောက် ဇူလိုင် ၁ ရက်တွင် ပေတုန်တန်အား ဝန်ကြီးချုပ်ရာထူးတာဝန်မှ ဆိုင်းငံ့ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## ဗီယက်နမ်အခြေစိုက် ဗင်းဖတ်စ် လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ကားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်



**ဟနွိုင်း ဩဂုတ် ၄**

ဗီယက်နမ်အခြေစိုက် ဗင်းဖတ်စ် လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီသည် အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ၎င်း၏ပထမဆုံးသော ကားထုတ်လုပ်ရေးစက်ရုံကို ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့တတိယအကြီးဆုံး ကားဈေးကွက်သို့ တိုးချဲ့ရာတွင် အဓိကခြေလှမ်းတစ်ခုကို မှတ်တိုင်စိုက်ထူနိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တူတီကိုရင်မြို့ရှိ ၎င်း၏ အိန္ဒိယစက်ရုံဖွင့်ပွဲတွင် ပြောကြားရာ၌ ဗင်းဖတ်စ်သည် ယခုလနှောင်းပိုင်းတွင် အရောင်းပြခန်းများသို့ ကားများ စတင်ပို့ရန် စီစဉ်ထားကြောင်း ဗင်းဖတ်စ်အာရှ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဖမ်ဆန်ချောင်က ထုတ်ဖော်ပြောကြားသည်။

ယမန်နှစ်က ဗင်းဖတ်စ်နှင့် တမီးလ်နာဒူးပြည်နယ်တို့သည် ပထမငါးနှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်၍ အမေရိကန်ဒေါ်လာ နှစ် ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။ အဆိုပါစက်ရုံသည် တစ်နှစ်လျှင် ကားအစီးရေ ၁၅၀၀၀၀ အထိ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Mon**

# တရုတ်စီးပွားရေး တည်ငြိမ်စွာ ပြန်လည်ဦးမော့လာကာ ၅ ရာခိုင်နှုန်း တိုးတက်မှုပန်းတိုင်ကို အောင်မြင်နိုင်ဖွယ်ရှိ

**ပေကျင်း ဩဂုတ် ၄**

တရုတ်စီးပွားရေးသည် ယခုနှစ် ကျန်ရှိသည့်ကာလများတွင် တည်ငြိမ်စွာ ပြန်လည်ဦးမော့လာမည်ဖြစ်ပြီး တစ်နှစ်တာလုံးအတွက် ခန့်မှန်းထားသော ၅ ရာခိုင်နှုန်း တိုးတက်မှုပန်းတိုင်ကို အောင်မြင်နိုင်ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များနှင့် ကမ္ဘာလုံးဆိုင်ရာ အမှုဆောင်အရာရှိများက သုံးသပ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ သုံးသပ်ရခြင်းမှာတစ်နှစ်တာ၏ ပထမနှစ်ဝက်အတွင်း ခိုင်မာသော စွမ်းဆောင်ရည်နှင့် နိုင်ငံ၏စီးပွားရေးဆုံးဖြတ်ချက်ချမှတ်သူများထံမှ ခိုင်မာသောမူဝါဒဆိုင်ရာ အထောက်အပံ့များကြောင့် ဖြစ်သည်။

ရှေ့အလားအလာကို ကြည့်လျှင် စီးပွားရေးပညာရှင်များက ပြည်တွင်းလိုအပ်ချက်ကို မြှင့်တင်ရန်နှင့် ပိုမိုရှုပ်ထွေးသော ပြင်ပပတ်ဝန်းကျင်၏ သက်ရောက်မှုများကို လျှော့ပါးစေရန်အတွက် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ အစီအမံများကို ပိုမိုအားကောင်းစေမည့် မူဝါဒချမှတ်သူများသည် ပိုမိုခိုင်မာသော တန်ပြန်ချိန်ညှိမှုများကို ပြုလုပ်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

၎င်းတို့၏ ပြောကြားချက်များသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖျင် သဘာပတိအဖြစ်ဆောင်ရွက်သောတရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏နိုင်ငံရေး ဗျူရိုအစည်းအဝေးအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ယင်းအစည်းအဝေးက တစ်နှစ်တာ၏ ဒုတိယနှစ်ဝက်အတွက် စီးပွားရေးဦးစားပေးများကို အလေးပေးဖော်ပြခဲ့ကြောင်း သိရသည်။ **Mon**



# အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက အာကာသစခန်းသို့ အဖွဲ့ဝင်အသစ်များ ပို့ဆောင်ပေးခဲ့

**ဝါရှင်တန် ဩဂုတ် ၄**

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ခ်စ်ကုမ္ပဏီသည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ အဖွဲ့ဝင်အသစ်များကို ဩဂုတ် ၂ ရက်က ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်၊ ရုရှားနှင့် ဂျပန် အာကာသယာဉ်မှူးလေးဦးသည် ကနေဒီအာကာသစခန်းမှ လွှတ်တင်ခဲ့သော စပေ့စ်အိတ်ခ်စ်အာကာသယာဉ်ဖြင့်ထို အာကာသစခန်းသို့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် လွန်ခဲ့သည့် မတ်လကတည်းက ရောက်ရှိနေကြသော လုပ်ဖော်ကိုင်ဖက်များနှင့်နေရာလဲလှယ်ကာ အာကာသစခန်းတွင် အနည်းဆုံး ခြောက်လကြာ နေထိုင်ကြမည်ဖြစ်သည်။



ရောက်ရှိလာကြသူများမှာ နာဆာမှ ဇီနာကာ့ဒ်မန်းနှင့် မိုက်ဖင်းခ်၊ ဂျပန်နိုင်ငံမှ ကီမီယာယူအီနှင့် ရုရှားနိုင်ငံမှ အိုလက်ပလာတိုနော့ဗ်တို့ဖြစ်ပြီး ၎င်းတို့သည် မူလက အခြားမစ်ရှင်များအတွက် တာဝန်ပေးအပ်ခြင်းခံခဲ့ရသူများဖြစ်သည်။

ကာ့ဒ်မန်းနှင့် အခြားအာကာသယာဉ်မှူးတစ်ဦးသည် ဘိုးရင်းစတားလိုင်နာ စမ်းသပ်ယာဉ်မှူးများဖြစ်ကြသော ဘတ်ချ်ဝီလ်မောနှင့် ဆူနီဝီလျံတို့အတွက် နေရာချပေးရန် ယမန်နှစ် စပေ့စ်အိတ်ခ်စ်ခရီးစဉ်မှ ထုတ်နုတ်ခံခဲ့ရပြီး ၎င်းတို့၏ အာကာသစခန်းတွင် နေထိုင်ချိန်ကို တစ်ပတ်မှ ကိုးလကျော်အထိ တိုးမြှင့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။**Mon**

## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့တွင် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမတွင် ကျင်းပသည်။



ဟောပြောပွဲတွင် သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က ဆိုရှယ်မီဒီယာပေါ်က အန္တရာယ်များ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနက ဖြန့်ဝေပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဗီဒီယိုဖိုင် နှစ်ခုအား ဖွင့်လှစ်ပြသခဲ့သည်။

အလားတူ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက သရက်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်းနှင့် စာသင်ကျောင်းများနှင့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာစီမံချက်အရ ဆောင်ရွက်သည့် ဟောပြောပွဲများတွင်လည်း ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုဖိုင်များထည့်သွင်းပြသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**စော်ထက်(သရက်)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**စစ်ကိုင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၃ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်းမြို့)မှ ဒုတိယရဲမှူးကျော်စိုးလွင်က ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုး စနစ်တကျတပ်ဆင်ရန် စသည့်များကို အသိပညာပေးဟောပြောကာ သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၅ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့၊ အမှတ်(၅)ရပ်ကွက်၊ နောင်တုံကန်ပတ်လမ်းတွင် လော်လန်း(ခ)လော်တီးဆိုသူမောင်းနှင်ပြီး လီဆန်ဆိုသူလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်လန်း(ခ)လော်တီး(၂၃)နှစ်နှင့် လီဆန်(၂၅)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မိုးသည်းထန်စွာရွာသွန်း သစ်ပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၅)နယ်မြေ၊ မော့တန်းလျားရပ်ကွက်တွင် ဩဂုတ် ၂ရက် နံနက် ၈ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နယ်မြေ(၅)ရှိ လမ်းဘေးတွင် သက်တမ်းရင့်ထနောင်းပင်အမြစ်မှ လဲကျ၍ နေအိမ်နှင့် ခြံစည်းရိုးများအပေါ် ပိမိနေကြောင်းသတင်းရရှိသဖြင့် ချောက်မြို့နယ် မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်၍ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မောင်ပြည်သူ(မန္တလေး)**



## မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်း လူနေအဆောက်အအုံများ ရေတိုက်စားမှုဖြစ်ပွား

**ပင်လောင်း ဩဂုတ် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း ဩဂုတ် ၂ရက် မွန်းလွဲ ၁နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ထီပေါင်းကျေးရွာအုပ်စု၊ လွယ်မောင်းကျေးရွာရှိ လူနေအိမ်အဆောက်အအုံများ ရေတိုက်စားမှုဖြစ်ပွားသဖြင့် ပင်လောင်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရေတိုက်စားမှုဖြစ်စဉ်ကြောင့် နေအိမ် ငါးလုံး၊ အိမ်ထောင်စု ခုနစ်စု၊ အမျိုးသား ၁၃ဦး၊ အမျိုးသမီး ၁၇ဦး၊ စုစုပေါင်း ၃၀ဦးအား အမက(လွယ်မောင်း)စာသင်ကျောင်းဆောင်သို့ ပို့ဆောင်ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

(ဝ၄၅)

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ချက်ရှိရာ ဩဂုတ် ၁ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ ရပ်တန့်ထားသော ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck သုံးစီး၊ Hino Profia Truck တစ်စီး၊ Mitsu-bishi Fuso Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မြဝတီမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး တစ်တုံး၊ ကျောက်ဖြတ်စရေရာ ငါးမျိုးနှင့် အဆိုပါကျောက်စိမ်းများ တင်ဆောင်လာသည့် Honda Ins-ight ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ကိုးပီပါကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




အလားတူ ဩဂုတ် ၂ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် သုံးစီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၉စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၏ သား၊သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်





**မန္တလေး ဩဂုတ် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၏ သား၊သမီး ကျောင်းသား၊ ကျောင်းသူများအား (၂၀၂၅-၂၀၂၆)ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် (၂၀၂၄-၂၀၂၅)ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၈)ထပ်ဆောင် မြေညီထပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ၄င်းတို့၏ဇနီးများ၊ ဌာနမှူးများနှင့်ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်း သား၊သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်ဦးကျော်ဆန်းက ဂုဏ်ပြုစကားပြောကြားရာတွင် ယနေ့ အခမ်းအနား၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မိသားစုဝင်ဝန်ထမ်း သား၊သမီးများ(မူလတန်းအဆင့်/အလယ်တန်းအဆင့်/အထက်တန်းအဆင့်နှင့်တက္ကသိုလ်ဝင်တန်းအဆင့်)ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၃၆၀၆)ဦးနှင့် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ (၃၁)ဦးတို့အား ကော်မတီအနေဖြင့် ယနေ့ အခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပေးအပ်မည် ဖြစ်ပါကြောင်း။ ""ပညာမြင့်မှ လူမျိုးတင့်မည်၊ ပညာတင့်မှ လူမျိုးမြင့်မည်"" ဆိုသည့်အတိုင်း မိမိတို့နိုင်ငံတွင် ပညာတတ်များပေါများမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်၊ ငြိမ်းချမ်းသာယာမည်ဖြစ်ပါ၍ နိုင်ငံတော်၏ အနာဂတ်ဖြစ်သော နိုင်ငံ့သားကောင်းရတနာများ၊ တိုင်းပြည်အတွက် အားထားရမည့် အစဉ်လိုအပ်နေသည့် အနာဂတ်ပညာရှိ မျိုးဆက်သစ်လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်ပြီး အားပေးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ကျောင်းသား၊ ကျောင်းသူများအား စည်းကမ်းစနစ်ကျနအောင် အချိန်ရှိခိုက် လေ့လာသင်ယူမှတ်သား ကျက်မှတ်လျက် အနာဂတ်တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သော သားကောင်း၊ သမီးကောင်းရတနာလေးများဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းပါကြောင်း စသည့်ဖြင့် ပြောကြားခဲ့သည်။




ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပညာသင်ထောက်ပံ့ကြေးများနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြသည်။ ယနေ့ အခမ်းအနားတွင် ပေးအပ်ခဲ့သည့် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပညာသင်ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ်(သုံးရာခုနစ်ဆယ့်တစ်သိန်းငါးထောင်) ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား)ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

**မန္တလေး ဩဂုတ် ၄**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲက အဆိုပါ တက္ကသိုလ်ရှိ ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပပြုလုပ်ရာ ပေါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဦးဝင်းနိုင်၊ ဖူဆယ်ပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာနိုင်လင်းနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ပါမောက္ခချုပ်အား ချီတက် အလေးပြုကြသည်။ ထို့နောက် ပါမောက္ခချုပ်က ကွင်းဖွင့်အမှာစကား ပြောကြားပြီး ဘာသာရပ်ပေါင်းစုံ ဘောလုံးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အုပ်စု ပထမပွဲစဉ်အဖြစ် ဓာတုဗေဒအသင်းနှင့် သမိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓာတုဗေဒအသင်းက ၂ဂိုး၊ ၁ဂိုးဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ဥပဒေပညာအသင်းက သတ္တဗေဒအသင်းကို ၅ဂိုး၊ ၁ဂိုးဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် စီးပွားရေးပညာသင်းက ဒဿနိကဗေဒအသင်းကို ၇ဂိုး၊ ၁ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များကို ဩဂုတ် ၄ရက်မှ ၇ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း (၂၀)ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)



(၀၈၂)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၅)သင်တန်း စတင် ပို့ချ

**မန္တလေး ဩဂုတ် ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၂/၂၀၂၅) သင်တန်းကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး သင်တန်းခန်းမ၌ စတင်သင်ကြားပို့ချသည်။ **(အောက်ပုံ)**

ရှေးဦးစွာ သင်တန်းမှူး ဦးရဲထွန်းလင်း(ဒုတိယဌာနမှူး၊ စီမံရေးရာဌာန)က သင်တန်းသား၊ သင်တန်းသူများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းကို စတင်သင်ကြားပို့ချကြရာ ဌာနတွင်း နည်းပြများနှင့် ပြင်ပနည်းပြများက ရုံးလုပ်ငန်းဆိုင်ရာများ၊ ငွေစာရင်းဆိုင်ရာဘာသာရပ်များနှင့် အထွေထွေဗဟုသုတများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ (၃၀)ဦး တက်ရောက်၍ ၄-၈-၂၀၂၅ရက်မှ ၂၉-၈-၂၀၂၅ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## ပယ်လင်ဟာကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း စပါးအသင်း အတည်ပြုကြေညာ




**လန်ဒန် ဩဂုတ် ၄**

ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ပယ်လင်ဟာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက အငှားဖြင့် ခေါ်ယူလာခြင်းဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "ပယ်လင်ဟာကို အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့ အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင်စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ)

(NGB)

## နည်းပြ ဆိုးလ်ရှားကို နည်းပြရာထူးမှ ဘီဆစ်တပ်စ်အသင်း ထုတ်ပယ်



**လန်ဒန် ဩဂုတ် ၄**

ဘီဆစ်တပ်စ်အသင်းသည် အသင်းနည်းပြ ဆိုးလ်ရှားကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၂)နှစ်အရွယ်ရှိ နည်းပြဆိုးလ်ရှားသည် ဘီဆစ်တပ်စ်အသင်းအား ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁၈ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၄ပွဲတွင် ၁၂ပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ထင်သလောက်ရလဒ်များ ကောင်းမွန်ခြင်းမရှိသောကြောင့် အသင်းက နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဆိုးလ်ရှားကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (အပေါ်ဝဲပုံ)

(NGB)

## အန်ဒရိုစ်တောင်ဆန်အား ကန်ချနာဘူရီပါဝါအသင်း ခေါ်ယူ




**လန်ဒန် ဩဂုတ် ၄**

ထိုင်းလိဂ်ကလပ် ကန်ချနာဘူရီပါဝါအသင်းသည် အင်္ဂလန်လက်ရွေးစင်အသင်းတောင်ပံကစားသမားဟောင်း အန်ဒရိုစ်တောင်ဆန်အား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ကန်ချနာဘူရီပါဝါအသင်းတွင် ကျောနံပါတ် (၂၅)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား အန်ဒရိုစ်တောင်ဆန်သည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ ဝက်ဖို့ဒ်၊ ကျူပီအာ၊ နယူးကာဆယ်၊ အဲဗာတန်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများရယူထားနိုင်ခဲ့ခြင်းကြောင့် ကန်ချနာ ဘူရီပါဝါအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထိုင်းလိဂ်ကလပ် ကန်ချနာဘူရီပါဝါအသင်းသည် ပထမဆုံးအနေဖြင့် ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးဖြစ်သည့် အန်ဒရိုစ်တောင်ဆန်အား ခေါ်ယူနိုင်ခြင်းသည် ထိုင်းဘောလုံးရပ်ဝန်း၏ အားရစရာတိုးတက်မှုတစ်ခုဖြစ်လာခဲ့သည်။ (အပေါ်ပုံ)

(NGB)

## ဂျေ့ရယ်လ်ဟာတိုအား (၇)နှစ်စာချုပ်ဖြင့် ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၄**

ချဲလ်ဆီးအသင်းသည် အေဂျက်စ်အသင်း နောက်ခံကစားသမား ဂျော်ရယ်လ်ဟာတိုအား ပြောင်းရွှေ့ကြေး ယူရို ၄၃သန်းဖြင့် (၇)နှစ်အထိ နှစ်ရှည်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဂျော်ရယ်လ်ဟာတိုက "ကျွန်တော် အခုလို အခမ်းအနားဆုံးအသင်းတစ်သင်းဖြစ်တဲ့ ချဲလ်ဆီးအသင်းကို ပြောင်းရွှေ့ခွင့်ရရှိလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ချဲလ်ဆီးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရဖို့လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## ဂူဟီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၅၀အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်း သတ်မှတ်

**လန်ဒန် ဩဂုတ် ၄**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်း နောက်ခံကစားသမား ဂူဟီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၅၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဂူဟီသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ပွဲကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ဂူဟီအတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဂူဟီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ဝဲပုံ)

(NGB)



## ဝက်စ်ဟမ်းအသင်းက ဘုန်းမောက်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ




**လန်ဒန် ဩဂုတ် ၄**

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝက်စ်ဟမ်းအသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းအသင်းက ဘုန်းမောက်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၄မိနစ်တွင် နီကလက်စ်၊ ပွဲချိန် ၆၇မိနစ်တွင် ဘိုဝင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ရက်တွင် လိုင်လီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားဦးမည်ဖြစ်သည်။ (ယာပုံ)

(NGB)

### နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၈-၂၀၂၅ အင်္ဂါနေ့ | ည ၁၀း၃၀နာရီ | လေဗာကူဆင်(ဂျာမနီ) - ပီဇာ(အီတလီ) |
| ။ | ည ၁၁း၀၀နာရီ | အမ်ပိုလီ(အီတလီ) - ဆက်ဆူအိုလို(အီတလီ) |
| ၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၁း၁၅နာရီ | နော်တင်ဟမ်(အင်္ဂလန်) - ဖီအိုရင်တီးနား(အီတလီ) |

### ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(တတိယအဆင့်-ပထမအကျော့)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၅-၈-၂၀၂၅ အင်္ဂါနေ့ | ည ၁၁း၃၀နာရီ | မော်လ်မို(ဆွီဒင်) - ကိုပင်ဟေဂင်(ဒိန်းမတ်) |
| ၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၃၀နာရီ | ဒိုင်နမိုကီယက်(ယူကရိန်း) - ပါဖိုစ်(ဆိုက်ပရက်စ်) |
| ။ | ။ | ရှကန်ဒီဗျာ(မြောက်မက်ဆီဒိုးနီးယား) - ကာရာဘတ်(အဇာဘိုင်ဂျန်) |
| ။ | နံနက် ၀၁း၁၅နာရီ | ရိန်းဂျားစ်(စကော့တလန်) - ပလာဇန်(ချက်) |

## 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**လန်ဒန် ဩဂုတ် ၄**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။



အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zv-erev သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Franci-sco Cerundolo အား ၆-၄၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် ဩစတြေးလျတင်းနစ်ကစားသမား Alexei Popyrin တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)



## မကွေးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးကော်မတီအစည်းအဝေး ကျင်းပ

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းကျန်းမာရေးကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်၊မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တိုင်းဒေသကြီး ကျောင်းကျန်းမာရေးကော်မတီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့နာယက၊က အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးမှ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် တာဝန်ရှိသူအသီးသီး၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ခိုင်မင်း(ပြန်ဆက်)**

## မင်္ဂလာရန်ကင်းအိမ်ရာမှ စမတ်ကတ်လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်းအိမ်ရာမှ ကျန်းမာရေးမကောင်း၍ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ယမန်နေ့က အိမ်တိုင်ရာရောက်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် အလွယ်တကူဖြစ်စေရေးအတွက် စမတ်ကတ်များကို ပုသိမ်ကြီးမြို့နယ်ဦးစီးမှူးရုံးတွင် ရုံးဖွင့်ရက်နေ့များ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်ကြီး) သို့လည်း သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်ကြီး)သို့ ကျန်းမာရေးမကောင်း၍ စမတ်ကတ်များ လာရောက် ဆောင်ရွက်နိုင်ခြင်း မရှိသည့် အဘိုး၊ အဘွားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပုသိမ်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ မင်္ဂလာရန်ကင်းအိမ်ရာရှိ အဘိုး၊အဘွား ၁၂ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## သရက်မြို့၌ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင်လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။



**စော်ထက်(သရက်)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မိုင်းခတ် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)၌ ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးထက်အောင်နှင့် ကျန်းမာရေးဆရာမများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နိုင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ခြင်အလွယ်တကူပေါက်ပွားနိုင်သည့် ရေလှောင်ကန်များ၊ ရေတွင်းများ၊ ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများစသည့် ခြင်ဖြစ်စေသည့် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်သည့် နေရာများကို လိုက်လံစစ်ဆေးခဲ့ပြီး ပိုးလောက်လမ်းသေ (Abate) ဆေးခပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့ ။

## ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း ဩဂုတ် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းခွင်များကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ အင်ဂျင်နီယာများ၊ ဥတ္တရခရိုင်နှင့် တပ်ကုန်းမြို့နယ်တို့မှ တာဝန်ရှိအင်ဂျင်နီယာများက တင်ဒါအောင်ကုမ္ပဏီများနှင့်အတူ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် တပ်ကုန်းမြို့နယ်အတွင်း ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ မူလလမ်း/တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီဆောင်ရွက်ပြီးစီးနိုင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



**နေပြည်တော် ဩဂုတ် ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၉၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၆၄၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက ဆင်လျှော့ရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် လာရောက်ပြသသည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၁၆ ဦးတို့အား တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၁ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၄၉)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** ၏ မှတ်ပုံတင် အမှတ်မှာ ( ၅၈ ) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ပြန်ကြားဆက်သွယ်နည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး သင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်း၍ ငလျင်ဘေးတုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသော တက္ကသိုလ်၊ ကောလိပ်များမှ လူငယ်ကြက်ခြေနီအသင်းဝင်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို ပြန်ကြားဆက်သွယ်နည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရန်၊ ကွင်းဆင်းဆောင်ရွက်စဉ်အတွင်း ကြက်ခြေနီလှုပ်ရှားမှုအကြောင်း ရှင်းလင်းဆက်သွယ်ပြောကြားနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ပြင်ဦးလွင်မြို့နယ်၊ ရွှေနန်းထိုက်ဟိုတယ်တွင် ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ပြန်ကြားဆက်သွယ်နည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး သင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင် ကြက်ခြေနီတပ်ဖွဲ့မှူးချုပ် ဦးကျော်မိုးကြည်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ဦးအောင်မိုးကျော်၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်းမှ Ms.Nuria တို့က သင်တန်းအဖွင့်အမှာစကားပြောကြားကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

သင်တန်းသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းလှုပ်ရှားမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၁၁၀ ကျပ် ဈေးတက်

**မန္တလေး ဩဂုတ် ၄**

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာတစ်ပိဿာလျှင် ၆၂၄၀ ကျပ်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ၆၁၃၀ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဩဂုတ် ၄ ရက်မှ ဩဂုတ် ၁၀ ရက် ညွှန်းဈေးသည် ၆၂၄၀ ကျပ်ဖြစ်သဖြင့် ၁၁၀ ကျပ် ဈေးတက်သွားခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

(အောက်ပုံ)

မန္တလေးနေ့စဉ်(၅)





# သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၌ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်အတွင်းရှိ နေအိမ်များတွင် သိုလှောင်ထားသော သောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများခတ်ပေးခြင်း၊ ရေထည့်ထားသည့် ရေစည်၊ ရေအိုးများအား ဖုံးအုပ်ပေးခြင်း၊ သောက်ရေ၊ သုံးရေ အိုးခွက်များ၊ ရေစည်ရေအိုးများ၊ ဘုရားပန်းအိုးအတွင်းပိုင်းများ ပွတ်တိုက်ဆေးကြော၍ သွန်ပစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# မန္တလေးနဲ့ ငလျင်(ဌာပနာအမွေအနှစ်များ-၄)

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ဟာ မိမိတို့ ကိုးကွယ်ယုံကြည်မှုအပေါ် သဒ္ဓါတရား ပေါင်းစပ်ပြီး ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာခဲ့တဲ့ ပျူခေတ်ကာလကတည်းက အရွယ်အစားမျိုးစုံ ပုံသဏ္ဌာန်မျိုးစုံ စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ကြပါတယ်။ အဲ့ဒီအချိန်ကတည်းက စေတီတော်မှာ ရွှေ၊ ငွေနဲ့ သွန်းလောင်းထားတဲ့ ဆင်းတုတော်တွေ၊ စေတီတော် ပုံစံငယ်တွေ၊ အဖိုးတန် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို ထည့်သွင်းဌာပနာလို့ တည်ဆောက်ခဲ့ကြပါတယ်။ ထိုနည်းတူ စေတီတော်ရဲ့ ပစ္စယံမှာဖြစ်စေ၊ ပရိဂုဏ်မှာဖြစ်စေ ကွယ်လွန်သူ ဘိုးဘွားများရဲ့ ပုံစံမျိုးစုံသော အရိုးပြာအိုးများကိုလည်း အမြတ်တနိုး ထည့်သွင်းမြှုပ်နှံထားခဲ့ကြပါတယ်။ စာပေမှတ်တမ်းမှတ်ရာ အထောက်အထားနည်းပါးခဲ့ကြတဲ့ ပျူခေတ်ကာလမှာ အဲ့ဒီဌာပနာများဟာ လွန်စွာအဖိုးတန်တဲ့ အထောက်အထားများ ဖြစ်ပါတယ်။ အဲ့ဒါတွေကို လေ့လာခြင်းအားဖြင့် ပျူခေတ်ရဲ့ ယဉ်ကျေးမှုနဲ့ လူနေမှုအဆင့်အတန်းများကို တစ်စွန်းတစ်စ သုတေသနပြု ဖော်ထုတ်လို့ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒါက နှစ်ပေါင်းနှစ်ထောင်ကျော် အချိန်ကာလရဲ့ ယဉ်ကျေးမှုကို တွေ့ရှိခဲ့ရတဲ့ အမွေအနှစ်များအားလေ့လာပြီး သုတေသနပြု ဖော်ထုတ်နိုင်ခဲ့တဲ့အကြောင်းပါ။ နောက်ပိုင်းမှာ ပုဂံခေတ်ကစလို့ သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့တဲ့ ခေတ်အဆက်ဆက်ရဲ့ အဆင့်အတန်းကို စာပေနဲ့ အထိုက်အလျောက် မှတ်တမ်းတင်ခဲ့ကြလို့ လေ့လာရတာ အဆင်ပြေ မြန်ဆန်လာခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးကို မှတ်တမ်းတင်နိုင်ခဲ့တာမျိုးတော့ မဟုတ်ပြန်ပါဘူး။ မှတ်တမ်းမှတ်ရာ အားနည်းဆဲပါ။ သမိုင်းတစ်လျှောက် တိုင်းပြည်အေးချမ်းမှု အားနည်းတာရယ်၊ မှတ်တမ်းတင်တဲ့အကျင့် အားနည်းတာရယ်၊ မှတ်တမ်းတင်တဲ့ပစ္စည်း ပေရွက်၊ ပုရပိုက်၊ စက္ကူတို့ရဲ့ ခိုင်ခံ့မှုအားနည်းတာရယ်နဲ့ ထိန်းသိမ်းမှုအားနည်းတာ စတဲ့ အချက်များကြောင့် တိမ်မြုပ်နေတဲ့ သမိုင်းကွက်လပ်များစွာ ကျန်ရှိနေဆဲဆိုတာ အရှိတရားအဖြစ် လက်ခံရမှာပါပဲ။ အထူးသဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား လက်ညှိုးထိုးမလွဲ တည်ရှိနေကြတဲ့ ခေတ်အဆက်ဆက် လူတန်းစားမျိုးစုံ အလွှာမျိုးစုံက သဒ္ဓါတရားထက်သန်စွာ တည်ဆောက်ခဲ့ကြတဲ့ စေတီပုထိုးတွေနဲ့ ပတ်သက်ပြီး သုတေသနပြုမယ်ဆိုရင် မှတ်တမ်းအထောက်အထား အလွန်အားနည်းခဲ့တာကို တွေ့ရပါတယ်။ မူလဒါယကာနဲ့ တည်တဲ့ခုနှစ် မသိကြသလို ပြန်လည်ပြင်ဆင်ထိန်းသိမ်းခဲ့တဲ့ မှတ်တမ်းတောင် မသိတာ၊ မရှိတာ များနေပါတယ်။ မေးလိုက်ရင် ကိုယ့်ဘုရားကို သိပ်ပြီး ရှေးကျစေချင်လို့ ဘုရားရှင်ကြွရောက်တော်မူလာပြီး ခေတ္တသီတင်းသုံးခဲ့လို့၊ သီရိဓမ္မာသောက မင်းကြီးရဲ့စေတီပေါင်း ၈၄၀၀၀ အပါအဝင်ဖြစ်လို့၊ အနော်ရထာရဲ့ ဆင်ဖြူတော်ဝပ်လို့၊ အလောင်းစည်သူရဲ့ ဖောင်တော်ဆိုက်ကပ်ခဲ့လို့ စသဖြင့် ဘုရားတည်ခဲ့တဲ့ ခေတ်ကာလကို မရေမရာ သမိုင်းကြောင်းတွေနဲ့ ပြည့်နှက်နေလေ့ရှိတာကို တွေ့ရပါတယ်။ ဘာဘဲပြောပြော လူအများကတော့ ထုံးဖြူဖြူစေတီငယ်ပင်ဖြစ်ပါစေ မြတ်ဘုရားရဲ့ ဂုဏ်တော်ကိုရည်မှန်းလို့ သဒ္ဓါရွှင်လန်းစွာ ဦးချကန်တော့စမြဲပါ။

အဲ့ဒီလို မရေရာတဲ့ အထောက်အထား သမိုင်းကြောင်းတွေနဲ့ ပြည့်နှက်နေတဲ့ ဘုရားပုထိုးစေတီများဟာ(၂၈-၃-၂၀၂၅)ရက်မှာ လှုပ်ခတ်လိုက်တဲ့ မန္တလေးငလျင်ကြီးရဲ့ အားပြင်းတဲ့ ဖျက်စွမ်းအားကြောင့် စေတီကြီးငယ်မဟူ အနည်းနဲ့အများ ထိခိုက်ပျက်စီးမှု ကြုံတွေ့ခဲ့ရပါတယ်။ ပြိုပျက်တဲ့အတွက် တစ်နိုင်ငံလုံး ကြေကွဲဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ကြရပြီး ဦးစွာ ပျက်စီးမှုအခြေအနေကို မှတ်တမ်းပြုစု စာရင်းကောက်ယူကြရပါတယ်။ နောက်ပြီး ဒီအတိုင်းလဲ ထားလို့မဖြစ်တော့ တတ်အားသရွေ့ အပျက်အစီးတွေကို ရှင်းလင်းကြရပါတယ်။ အဲ့ဒီလို ရှင်းလင်းကြရင်း အပြိုအပျက်တွေထဲက ဌာပနာပစ္စည်းတွေ တွေ့လာခဲ့ရတော့ အဲ့ဒီစေတီရဲ့ သမိုင်းနဲ့ပတ်သက်တဲ့ အထောက်အထား အချက်အလက်တချို့ကို ကံအားလျော်စွာ တွေ့ရှိလာခဲ့ရတာ အဆိုးထဲကအကောင်းလို့ပဲ ပြောရမလို ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားသမိုင်း မရှိရင်တောင် ပြိုသွားတဲ့ စေတီနဲ့ တွေ့ရတဲ့ ဌာပနာဆင်းတု ခေတ်ကာလ တစ်ထပ်တည်း မကျတာတွေ၊ ဘုရားသမိုင်းရှိသော်လည်း ပေါ်ထွက်လာတဲ့ ဌာပနာဆင်းတုတော်တွေနဲ့ တစ်ထပ်တည်း မကျတာတွေ၊ တချို့ကျတော့လည်း ဘုရားသမိုင်းနဲ့ ဌာပနာအထောက်အထား တစ်ထပ်တည်းကျတာတွေ စသဖြင့် အခြေအနေမျိုးစုံ တွေ့လာရလို့ပါ။ အဲ့ဒီအခြေအနေကလည်း တွေ့လာရတဲ့ ဌာပနာဆင်းတုတော်တွေကို ဦးခေါင်းထက်က ဥဏှိသရောင်လျှံတော်ကနေ ဆံတော်၊ သင်းကျစ်တော်၊ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ မျက်နှာအနေအထားတွေ၊ သင်းပိုင်၊ ဧကသီ၊ ဒုကုဋ္ဋသင်္ကန်းတော်ရဲ့ ပုံသဏ္ဌာန်တွေ၊ လက်ဟန် ခြေဟန်တွေ အားလုံးကို မြန်မာ့ရိုးရာ ဆင်းတုတော်ပဋိမာသိပ္ပံပညာရယ်၊ အတွေ့အကြုံရယ် ပေါင်းစပ်လေ့လာခြင်းအားဖြင့် ဘုရားစေတီရဲ့ သမိုင်းကြောင်းကို အသစ်တွေ့ရှိခြင်း၊ နောက်တိုးဖြည့်စွက်နိုင်ခြင်း၊ တစ်ထပ်တည်းကျခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲ့ဒီအထဲက တွေ့ရှိခဲ့တဲ့ ဌာပနာဘုရား ဆင်းတုတော် အချို့ရဲ့ ပလ္လင်နောက်ကျောမှာ၊ ရှေ့ပလ္လင်လယ်မှာ၊ ပလ္လင်အောက်ခြေနေရာတို့မှာ ကမ္ပည်းစာရေးထိုးတာလေးတွေနဲ့ ပြိုပျက်ခဲ့တဲ့ ဘုရားစေတီတို့နဲ့ ဆက်စပ်မှုကို သုတေသနရှုထောင့်ကနေ တင်ပြပါ့မယ်။ မန္တလေးတစ်ခို ပြိုပျက်တဲ့ ဘုရားစေတီတွေထဲက တွေ့ရတဲ့ကမ္ပည်းစာတွေဟာ ရွှေပြား၊ ငွေပြားခတ် ဆင်းတုတော်များမှာ တွေ့ရပြီး သွန်းလောင်းထားတဲ့ ဆင်းတုတော်များမှာ မတွေ့ရပါ။ တွေ့တဲ့အခါမှာလည်း အချို့ကိုဖောင်းကြွ၊ အချို့မှာတော့ ကညစ်တံနဲ့ ရေးခြစ်ထားတဲ့ ပုံစံနဲ့တွေ့ရပါတယ်။ များသောအားဖြင့် အလှူရှင်ရဲ့ အမည်ကို ကောင်းမှုအဖြစ် ရေးထိုးတာတွေ များပါတယ်။ အခုလောလောဆယ် တွေ့ရတဲ့ ကမ္ပည်းစာပါ ဆင်းတုတော်များဟာ မန္တလေးတစ်ခို အမရပူရနယ်အတွင်းမှာ တွေ့ရတာရယ်၊ လက်ရေးပုံစံရယ်၊ နှိုင်းယှဉ်လေ့လာချက်အရ အမရပူရခေတ်လက်ရာလို့ ဆိုနိုင်ပါတယ်။ ဒီနေရာမှာ လက်ရေးပုံစံသီးသန့် လေ့လာတွေ့ရှိချက် သက်သက်မဟုတ်ဘဲ ဆင်းတုတော်ရဲ့ ပုံသဏ္ဌာန်နဲ့ ဟန်ပန်ကိုလည်း ဆက်စပ်လေ့လာမှ ပိုပြီးသေချာတဲ့အဖြေရတာပါ။ ဥပမာ အမရပူရခေတ်တောင်မှ ဘိုးတော်ဗဒုံမင်းလက်ထက် အမရပူရခေတ်ဦးလား၊ သာယာဝတီ၊ ပုဂံမင်းလက်ထက် ခေတ်နှောင်းလားဆိုတာ ဆင်းတုနဲ့လက်ရေး တိုက်ဆိုင်စစ်ဆေးလို့ အနီးစပ်ဆုံး သုတေသနပြု အဖြေထုတ်နိုင်ခြင်းလည်း ဖြစ်ပါတယ်။

ယခုဓာတ်ပုံနဲ့ ဖော်ပြထားတဲ့ ကမ္ပည်းစာပါ ပထမဆင်းတုတော်က အမရပူရတောင်သမန်ကျောက်တော်ကြီးဘုရားရဲ့ ကွမ်းတောင်ဌာပနာတိုက်ထဲကရတဲ့ ငွေပြားခတ် ဆင်းတုတော်ပါ။ ဉာဏ်တော် ၉လက်မရှိပြီး ပလ္လင်နောက်ကျောမှာ ကညစ်တံနဲ့ ရေးခြစ်ထားတဲ့ ကမ္ပည်းစာ ပါရှိပါတယ်။ 'ထုတ်တိုက် လှည်းခေါင်းဇာရင်ကောင်းမှု' လို့ မှတ်တမ်းတင်ထားတဲ့ ငွေဆင်းတုတော် ဖြစ်ပါတယ်။ လက်ရေးသော့တာကြောင့် အမည်ပြောင်းလဲမှု အနည်းငယ် ရှိကောင်းရှိနိုင်ပါတယ်။ အကြမ်းအားဖြင့် ပုဂံမင်းလက်ထက် ဘုရင့်ထံ ခစားရတဲ့ လှည်းခေါင်းတဦးလို့ ခန့်မှန်းရပါတယ်။ ဘုရင်နဲ့လည်း ရင်းနှီးတဲ့ အမှုထမ်းတစ်ဦးဖြစ်လို့သာ ဘုရားတည်တော့ ဌာပနာထည့်သွင်းခွင့်ရတဲ့သူတစ်ဦးဖြစ်မယ်လို့လည်း သုံးသပ်ရပါတယ်။ ဆင်းတုတော်ရဲ့ လက်ရာဟန်ပန် အနေအထားကလည်း အမရပူရခေတ်နှောင်းလက်ရာ ဖြစ်ပါတယ်။ ကျောက်တော်ကြီးဘုရားဟာ ခေတ်အဆက်ဆက် သဘာဝဘေးဒဏ်ကို ခံစားခဲ့ရပေမယ့် ပင်မစေတီကြီးကိုတော့ ပြင်းထန်စွာ ထိခိုက်ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် ဘုရားသမိုင်းကြောင်းကို မဟာရာမ်တံတိုင်းအတွင်း အရှေ့မြောက်ထောင့်မှာ ကျောက်စာရုံနဲ့ တကွ ထားရှိခဲ့တဲ့ ဘုရားသမိုင်းကျောက်စာအရပဲ လေ့လာခွင့်ရခဲ့တာပါ။ အခုတစ်ခါ ငလျင်ကြီးနဲ့ ကြုံပြန်တော့ ပြင်းထန်စွာထိခိုက်ပြီး ကွမ်းတောင်အခြေကနေ ပြတ်ထွက်ရုံမက အံလွဲသွားခဲ့ပါတယ်။ ကွမ်းတောင်ကို ပြုပြင်ဖို့ ဖြိုဖျက်ရာကနေ ဌာပနာတိုက် ပေါ်ထွက်လာပြီး ဆင်းတုတော်နဲ့တကွ အခြားအမွေအနှစ်များကို လေ့လာဖို့ အခွင့်အရေးရခဲ့ပါတယ်။ သိလိုက်ရတဲ့အချက်တစ်ခုကတော့ တွေ့ရှိလာတဲ့ ဌာပနာတွေက ရွှေဆင်းတု၊ ငွေဆင်းတု အရေအတွက်ဟာ ဘုရားသမိုင်းကျောက်စာထဲမှာ ရေးထိုးမှတ်တမ်းတင်ထားတဲ့အတိုင်း အတိ အကျပါပဲ။ ဒါကြောင့် အခုလို ဌာပနာအမွေအနှစ် တွေ့ရှိမှုဟာ ရှိပြီးသားသမိုင်းကြောင်းကို မှန်ကန်ကြောင်း သက်သေပြလိုက်တဲ့ အခြေအနေမျိုး ဖြစ်စေပါတယ်။

ဒုတိယဆင်းတုတော်ကတော့ အမရပူရမြို့ ရွှေကူကြီးဘုရား ပြိုပျက်ရာမှ ပေါ်ထွက်လာခဲ့တဲ့ ငွေပြားခတ် ဆင်းတုတော် ဖြစ်ပါတယ်။ အဲ့ဒီဆင်းတုတော်ရဲ့ ပလ္လင်အလယ်ဖောင်းနေရာမှာ ဖောင်းကြွကမ္ပည်းစာ ဖန်တီးရေးထိုးထားပါတယ်။ ရွှေကူကြီးဘုရားဟာ သမိုင်းကြောင်းအရ ပုဂံခေတ် ဒုတိယစည်သူလို့ ထင်ရှားတဲ့ နရပတိစည်သူ တည်ခဲ့တဲ့ ဂူဘုရားတစ်ဆူ ဖြစ်ပါတယ်။ ဘုရားရဲ့ တည်ဆောက်မှုပုံသဏ္ဌာန်အရ ပုဂံခေတ်လက်ရာဆိုတာ သေချာပြီးသားပါ။ ကာလကြာလို့ ယိုယွင်းပြန်တော့ အမရပူရ ပထမမြို့နန်းတည် ဘိုးတော်ဗဒုံမင်းရဲ့ သားတော် အိမ်ရှေ့ဥပရာဇာက အခွင့်တောင်းခံ ပြုပြင်ခဲ့တယ်လို့ ဆိုထားပါတယ်။ ထိုနည်းတူ အမရပူရ မတိုင်မီ အင်းဝခေတ်ကလည်း ပြုပြင်ခဲ့ပါသေးတယ်။ အခု မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုပျက်ရာကနေ ဌာပနာဆင်းတုတော်တွေများစွာ ပေါ်ထွက်လာခဲ့ပါတယ်။ အဲ့ဒီအထဲမှာ ကြေးသွန်းထားတဲ့ အင်းဝခေတ် ဆင်းတုတော်တွေ၊ ကုန်းဘောင်ခေတ်ဦးလက်ရာ ရွှေပြားခတ်၊ ငွေပြားခတ် ဆင်းတုတော်တွေနဲ့ ဗုဒ္ဓဝင်ဆိုင်ရာ ကြေးသွန်းရုပ်တွေများစွာ ပါဝင်ခဲ့ပါတယ်။ အဲ့ဒီအထဲက ငွေပြားခတ် ဆင်းတုတော်တစ်ဆူရဲ့ ပလ္လင်ခါးဖောင်းမှာ ဖောင်းကြွကမ္ပည်းစာတွေ ပါဝင်ပါတယ်။ အဖိုးတန်တာက ကမ္ပည်းစာမှာ သက္ကရာဇ်ပါရှိနေတာပါ။ သက္ကရာဇ်ဆိုတာ သုတေသီများအတွက် များစွာအရေးကြီးပြီး အသုံးဝင်ပါတယ်။ ခိုင်မာတဲ့အထောက်အထား တစ်ခုလည်း ဖြစ်ပါတယ်။ အခုတွေ့ရှိတဲ့ ငွေဆင်းတုမှာ 'သက္ကရာဇ် ၁၁၄၅ ခု တပို့တွဲလဆန်း ၃ ရက်' လို့ ဖောင်းကြွ ရေးထိုးထားပါတယ်။ ဒါကြောင့် ဘုရားသမိုင်းထဲမှာပါတဲ့ ဘိုးတော်ဗဒုံမင်းရဲ့ သားတော်ကြီး အိမ်ရှေ့ဥပရာဇာ ပြန်လည်ပြင်ဆင်ခဲ့တယ်ဆိုတဲ့အချက်က ခိုင်မာသွားစေပါတယ်။ သက္ကရာဇ်ပါရှိနေတော့ ခေတ်ကာလကို သေချာစေတဲ့အပြင် ဆင်းတုတော်လေ့လာရာမှာလည်း အမရပူရခေတ်ဦးပိုင်း ဆင်းတုတော်များရဲ့ အင်္ဂါအစိတ်အပိုင်း လက္ခဏာသွင်ပြင်များကို အထောက်အထားရရှိစေပါတယ်။ ဒါကြောင့် ဒုတိယဆင်းတုတော်ဟာ ပထမဆင်းတုတော်ထက်ပိုပြီး သုတေသနလုပ်ငန်းမှာ အရေးပါတယ်ဆိုတာ တွေ့ရပါတယ်။ အချုပ်အားဖြင့် ပြောရရင် အခုအင်အားကြီးမန္တလေးငလျင်ကြီး လှုပ်ခတ်လိုက်လို့ ဘုရားစေတီတွေပြိုပျက်လို့ ဆုံးရှုံးရတာမှန်သော်လည်း ပေါ်ထွက်လာတဲ့ ဌာပနာဆင်းတုတော်များကပေးလာတဲ့ အထောက်အထားတွေကြောင့် ဘုရားရဲ့သမိုင်းကြောင်းကို အထောက်အပံ့များစွာ ဖြစ်စေခဲ့လို့ အဆိုးထဲက အကောင်းအဖြစ် ဖြေသာစေခဲ့ပါကြောင်း။

ကျမ်းကိုး။ ။ မြန်မာ့ရိုးရာ ဆင်းတုတော် ပဋိမာသိပ္ပံပညာ(စဝ်ထွန်းမှတ်ဝင်း)

လက်တွေ့ကွင်းဆင်းလေ့လာချက်များ

ရက္ခိတ(ရှေး/သု)



ဌာပနာငွေပြားခတ် ဆင်းတုတော်

# ကျေးရွာသုံးရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**တပ်ကုန်း ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာ "သုတအလင်းရောင်" စာကြည့်တိုက်၊ အိုင့်ကျယ်ကျေးရွာ "ဉာဏ်မြင့်မိုရ်" စာကြည့်တိုက်နှင့် သစ်ဆိမ့်ပင်ကျေးရွာ "လမ်းပြကြယ်မေတ္တာအလင်း" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

**(အပေါ်ယာပုံ)**

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အဆောက်အအုံများ၊ စာအုပ်စာစောင်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ပရိသတ်များတိုးပွားရေး၊ စာအုပ်၊ စာစောင်များ အသစ်တိုးပွားရရှိရေးနည်းလမ်းများ ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် သဖန်းချောင်းကျေးရွာ "သုတအလင်းရောင်" စာကြည့်တိုက်၊ အိုင့်ကျယ်ကျေးရွာ "ဉာဏ်မြင့်မိုရ်" စာကြည့်တိုက်နှင့် သစ်ဆိမ့်ပင်ကျေးရွာ "လမ်းပြကြယ်မေတ္တာအလင်း" စာကြည့်တိုက်အဆောက်အအုံသစ်တို့ကို ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ စာကြည့်တိုက်မှူးများနှင့်သက်ဆိုင်ရာ ကျေးရွာ တာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များပေးအပ်ပြီး၊ စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့ပြီးနောက် စာကြည့်တိုက်များအတွင်း ကျောင်းသားလူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့ပေါ် ရပ်ကွက် နှစ်ခုတွင် ယမန်နေ့ နံနက် ၇နာရီကစ၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းဖြစ်သည့် အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးမှူးများ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေးများ၊မီးသတ်တပ်ဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့က သက်ဆိုင်ရာစုရပ်များမှစတင်၍ လူနေအိမ်များမှ ရေတွင်း၊ ရေကန်များ၊ ဘုရားညောင်ရေအိုးများအား ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အသုံးမပြုသော ရေအိုး၊ ရေခွက်များ၊ တာယာကွင်းများ ထဲသို့ ရေဝင်ရောက်ပြီး ခြင်ပေါက်ပွားနိုင်သည့်အတွက် စနစ်တကျထားရှိကြရန် အသိပညာပေးဟောပြောခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ကို ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



# တုံတာမြို့တွင်းလမ်း ယာဉ်ကြီး၊ ယာဉ်ငယ်များပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိ

**ကျိုင်းတုံ ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး၊ တုံတာမြို့တွင်း ကတ္တရာကွန်ကရစ်(AC) လမ်းသည် ဇူလိုင် ၃၀ ရက်က မိုးသည်းထန်စွာရွာသွန်း၍ နမ့်စင်ချောင်းရေတိုက်စားမှုကြောင့် လမ်းပခုံးပဲ့ကျမှုနှင့်လမ်းသားပဲ့ကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ယာဉ်ကြီး၊ယာဉ်ငယ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး လမ်းအထူးအဖွဲ့(၃) နှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ ကုန်စည်စီးဆင်းမှုပြတ်တောက်မှုမရှိကြောင်း သိရသည်။


ထိုသို့ ဆောင်ရွက်နေမှုအား ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးသူရဇော်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မူလလမ်းသားအကျယ်ပြန်လည်ရရှိရေး၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်မှာကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ရေနုတ်မြောင်းသည်
အမှိုက်ပစ်ရန် နေရာ မဟုတ်ပါ။




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မယ်ဇယ်(မည်စည်)တန်းအလှ ရှုမဝ

\- - - - - - - - - - -

* တောင်မြို့ခေါ် အမရ
မြို့အလှ ကျက်သရေ၊
ဖြာဝေကာ လွန်တင့်ဆန်း
စခန်းသာပေ ။
ဂုဏ်သတင်း လှိုင်ကာဝေ
ဆန်းထွေထွေ မယ်ဇယ်(မည်စည်)တန်း၊
နတ်တို့နန်း ပန်းမဥ္စူ
အသွင်ယူ ပြောဆိုကြ
တွေးဆစိတ်မှန်း ။

* ထောင့်ရှစ်ရာ ခုနစ်ဆယ့်ငါး
ရောက်ပြားသည့် အေဒီမှာ ၊
စိုက်ပျိုးကာ မယ်ဇယ်(မည်စည်)လမ်း
သွယ်တန်းလို့သာ ။
လှူရှင်တို့ မည်နာမာ
ဦးကြီးမှာ ဒေါ်အိုတွဲ၊
သုံးပင်ကဲ ပင်တစ်ရာ
နောက်မြောက်မှာ တောင်သမန်စပ်
စီပတ်လို့ပဲ ။

* လင်းဇင်းနှင့် ဦးပိန်ကြား
ရေစပ်နား မြေနေရာ ၊
တန်းစီကာ မယ်ဇယ်(မည်စည်)လှ
အေးမြရင်မှာ ။
ဖြစ်တည်ရ ခုချိန်ခါ
ပြောင်းလဲလာ မယ်ဇယ်(မည်စည်)စု ၊
ကျန်ရှိမှု ကိုးဆယ့်ငါးနှင့်
ရောက်သွားသူ ရွှေရင်အနွမ်းကို
အေးချမ်းအောင်ပြု ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



# နန်းတော်ရှေ့ရယ် လွမ်းတယ်ကွယ်

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

" ဟိုးအရင်နှစ်လေးဆယ်က အကြောင်းလေးပါ"

မန္တလေးမြို့ နန်းတော်ရှေ့ဈေးလို့ ပြောလိုက်တာနဲ့ အရင်ဦးဆုံးပြေးပြီး မြင်မိတာက ဦးဘကျော့(ခေါ်)ဘကြီးကျော့ရဲ့ လက်ဖက်ရည်ဆိုင်ပဲဖြစ်ပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဘကြီးကျော့ရဲ့ လက်ဖက်ရည်ဆိုင်ဟာ မိသားစုလက်ဖက်ရည်ဆိုင်ဖြစ်လို့ပါပဲ။ သား သုံးယောက်ရှိတယ်လေ။ သူတို့ကတော့ ကိုအောင်မြင့်၊ ကိုအောင်စိုးနဲ့ ကိုဝင်းမြင့်ဆိုတဲ့ သားတွေနဲ့ တူဖြစ်သူ ကိုစိုးဝင်းတို့က လက်ဖက်ရည်ဆိုင်ကို ဝိုင်းဝန်းလုပ်ကိုင်ကြတယ်။ လက်ဖက်ရည်ဖျော်တဲ့ ကိုကြည်တစ်ယောက်ပဲ သူစိမ်းပါတာပါ။ မုန့်ကတော့ ထပ်တစ်ရာ၊ ပလာတာနဲ့ စမူဆာပါ။ စားလို့အလွန်ကောင်းသဗျာ။ စေတနာကလည်းပါ၊ ဖော်ရွေတယ်။ လူတန်းစားမခွဲခြားဘူး။ အားလုံးကို တပြေးညီဆက်ဆံတယ်။ လက်ဖက်ရည်ဆိုင်အခင်းအကျင်းကတော့ သာမန်ပါပဲ။ လက်ဖက်ရည်ဆိုင်ဟာ နန်းရှေ့ဈေးအနောက်ပေါက်ကဝင်ရင် နီးနီးလေးပါ။ ဝင်ဝင်ခြင်းမှာ ဒေါ်ဝင်းရဲ့ အမျိုးသမီးစက်ချုပ်ဆိုင်၊ မြောက်ဘက်ကပ်လျက်က ဒေါ်လှတင်ရဲ့ အမျိုးသမီးစက်ချုပ်ဆိုင်ပါပဲ။ ဒေါ်လှတင်ရဲ့သားနှစ်ယောက်ကတော့ ရုပ်ရှင်ဒါရိုက်တာ၊ ကဗျာဆရာ "ပိုင်သ" နှင့် ညီဖြစ်သူက တေးရေး၊ တေးဆို "ဆူး"ဖြစ်ပါတယ်။

လက်ဖက်ရည်လာသောက်တဲ့လူတွေကို ဘကြီးကျော့က ကိုကိုရေလာပော့ ဟောဒီဘက်ကိုလာဗျာ။ အေးအေးဆေးဆေး ရည်းစားအကြောင်းတွေ ဆွေးနွေးလို့ရတယ်။ နောက်ပြီး ဘကြီးကျော့က ကိုကိုက ဘယ်သူ့သားမဟုတ်လား၊ နေကောင်းရဲ့လား၊ ဘကြီးကမေးတယ်လို့ ပြောလိုက်ပါနော်။ နောက်ပြီး လက်ဖက်ရည်ဆိုင်က စားပွဲက ရှစ်လုံးလောက်နဲ့ ထိုင်ခုံအရှည်လေးတွေနဲ့ တန်းလျားခုံတွေ ရှိပါတယ်။ နောက်ပြီး ဈေးထဲမှာဆိုတော့ လွတ်နေတဲ့ ဆိုင်ခန်းတွေပေါ်မှာ ဖျာခင်း ရေနွေးကြမ်းတစ်အိုးရယ် ပန်းကန်က လေးလုံးလောက်တစ်ခါတည်းချထားပေးတာပါ။ ဘကြီးကျော့လက်ဖက်ရည်ဆိုင်ကို စာရေးဆရာ ဆူးငှက်၊ ကဗျာဆရာ ပိုင်စိုးဝေ၊ ပန်းချီဆရာ၊ အဆိုတော်ခင်ဝမ်း၊ ပန်းချီဆရာ စစ်ငြိမ်းအေး၊ ဂေါ်မှူးသ၊ ကာတွန်းတွတ်တွတ်၊ ကဗျာဆရာ ပိုင်သနှင့် တေးရေး၊ တေးဆို ဆူးတို့ မနက်ခင်းမှာ အချိန်တန်တော့ ရောက်လာကြပြီပေါ့ဗျာ။ နောက်ပြီး နန်းတော်ရှေ့နယ်လုံးဆိုင်ရာ စာကြည့်သင်းမှ ဥက္ကဋ္ဌနဲ့အဖွဲ့တွေကလည်း သူ့အုပ်စုနဲ့သူပေါ့။ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ အနုပညာရှင်တွေကလည်း သူ့အုပ်စုနဲ့သူ စာအကြောင်း၊ ပန်းချီအကြောင်း၊ ကဗျာအကြောင်းတွေပြောရင်းနဲ့ ငြင်းကြခုံကြပေါ့။ ဘကြီးကျော့က သဘောကောင်းတယ်။ အုပ်စုအဖွဲ့တွေကိုကြည့်ပြီး ပြုံးနေရာကနေ အဲ့ဒီဝိုင်းကိုသွားပြီး ရယ်စရာတွေပြောပြီး အရွှန်းဖောက်သေးတာ။ နောက်ပြီး ဈေးအနောက်ပေါက်နဲ့ကပ်လျက်မှာ ကိုကျော်တင့်ရဲ့ A1 မုန့်ဟင်းခါးဆိုင် ရှိသေးတယ်။ မုန့်ဟင်းခါးဆိုင်က ငါးဖယ်၊ ဘူးသီးကျော် တစ်ပွဲနဲ့ လက်ဖက်ရည် တစ်ခွက် မနက်ပိုင်းစားလိုက်ရလို့ကတော့ မနက်စာလွတ်ပြီဗျာ။

ဘကြီးကျော့ သားနှစ်ယောက်နဲ့အတူ ကိုစိုးဝင်းက လက်ဖက်ရည်နဲ့ မုန့်လိုက်ချရပါတယ်။ အငယ်ဆုံး ကိုဝင်းမြင့်ကတော့ ပုဆိုးခါးပုံစအကြီးကြီးလုပ်ထားပြီး စီးကရက်နဲ့ ပိုက်ဆံတွေထည့်ထားပါတယ်။ ပိုက်ဆံကလည်း ဘယ်သူ့ဆီမှာရှင်းရှင်း ကိုဝင်းမြင့်ကိုပဲ ပေးကြတာပါ။ မှတ်မိတဲ့ စီးကရက်တွေကတော့ ဒူးယားအစိမ်းဘူးမာနဲ့ ဘူးပျော့ပါ။ နောက်ခပေါင်းစီးကရက်လုပ်သားနဲ့ အုန်းတော။ နောက်ပြီး ကာဗာအဝါနဲ့ ဆွမ်းအုပ်တံဆိပ် ဒူးယားပါပဲ။ Export တဲ့။ နောက်ပြီး ဆေးပေါ့လိပ်ကလည်း အဲ့ဒီအချိန်က နာမည်ကြီးတဲ့ သမင်သုံးကောင်နဲ့ ဝမ်းဘဲဆေးပေါ့လိပ်ပါ။ နောက်မှ ဆင်ဆင်နဲ့ ငွေနဂါးဆေးပေါ့လိပ်ဟာ မြင်းခြံက ထွက်ကုန်ပေါ့။ နောက်ပြီး နန်းတော်ရှေ့ဈေးမှာ ရောင်းတဲ့သူတွေက နန်းတော်ရှေ့သူနဲ့ နန်းတော်ရှေ့သားတွေများပါတယ်။ တခြားနယ်က လာရောင်းတဲ့သူတွေရှိတော့ ရှိတယ် ရှားတယ်။ ကျွန်တော်သိသလောက်ဆိုရင် ကုန်စိမ်းရောင်းတာက ဒေါ်သိန်းမေ၊ ဦးဖိုးလှော်-ဒေါ်တင်၊ ဦးမောင်ကို-ဒေါ်ရီကြီးတော်ထယ်ရဲ့ ဆိုင်ရှိတယ်။ နာမည်တွေ မမှတ်မိလို့ပါ။ ဆိုင်တွေက အများကြီး။ အရင်နန်းတော်ရှေ့ဈေးကြီးက အကာမှာ ၂-၁ လက်မသားတွေနဲ့ ကာထားပြီး တံခါးတွေကိုလည်း အသားနဲ့ပဲ လုပ်ထားတာပါ။ တံခါးပေါက်တွေက အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုပြီး တံခါးလေးခု ရှိပါတယ်။ နောက်ပြီး ဆိတ်သားရောင်းတာက ကိုရီစွတ်ဆိုတဲ့ မွတ်ဆလင်ပါ။ သဘောကောင်းတယ်။ စကားပြောရင်ချိုသာတယ်။ အမဲသားသည်က ဒေါ်ပို။ ဝက်သားသည်က ဒေါ်ပု၊ ဒေါ်မြသန်းနဲ့ ဒေါ်ဝက်တို့ဖြစ်ပါတယ်။ အမဲသားသည် နောက်တစ်ဦးကတော့ တိုက်သစ်ဒံပေါက်ဆိုင်က မိသားစုတွေပါ။

ကျွန်တော်တို့အဘွားကလည်း ဈေးထဲမှာ အုန်းသီး၊ ငှက်ပျောသီးရောင်းပါတယ်။ ဒေါ်မတဲ့။ ဆိုင်ကတော့ အရှေ့တောင်ထောင့်မှာပါ။ ဖိနပ်တွေသီးသန့်ရောင်းတဲ့ ဦးတေ ဖိနပ်ဆိုင်လည်း ရှိသေးသဗျ။ သီးသန့်ဖိနပ်တွေ ဆိုက်စုံရောင်းတာပါ။ ဈေးအပေါက်ဝမှာ ဖိနပ်ကို လူတစ်ရပ်စာလောက် သုံးထပ်သားပြားကို ဖိနပ်ပုံထွင်းပြီး ဆေးနဲ့ဖိနပ်အောက်ခံအရောင်နဲ့ သဲကြိုးပုံဆေးခြယ်ထားတာပါ။ ဦးစောရဲ့ ကုန်စုံဆိုင်လည်း ရှိပါသေးတယ်။ ဘကြီးစောရဲ့ ကုန်စုံဆိုင်ကလည်း အတော်စုံတယ်နော်။ နွားချည်တဲ့ကြိုး၊ ပေါက်ပြား၊ ဂေါ်ပြား၊ နဖားကြိုး၊ တောင်း၊ ပေသီး၊ ဂျင်နဲ့ ဂျင်ကြိုး၊ နောက်ပြီး ဦးဆွယ်+ဒေါ်ဖီရဲ့ မန်ကျည်းတော်ဖီလည်း ရောင်းပါတယ်။ စစ်ကိုင်းတန်းရပ်က ထုတ်လုပ်ရောင်းချတဲ့ မန်ကျည်းတော်ဖီပါ။ ချိုချဉ်လေးမို့ ညနေအရက်ကလေးနဲ့ မြည်းလိုက်ရရင် အခုခေတ်စကားနဲ့ဆို ရှယ်ပဲ။

ဘကြီးစောရဲ့ အနောက်ဘက်မှာ ကျွန်တော်တို့က အန်ကယ်ကြီး+အန်တီကြီးလို့ခေါ်တဲ့ အလှကုန်နဲ့ စက်ချုပ်ပစ္စည်းနဲ့ပတ်သက်တဲ့ဟာတွေ၊ စင်ကြယ်ဖိနပ်၊ ရိုးဝါးဖိနပ် သဲကြိုးအပို အစုံပေါ့ဗျာ။ သားရေဖိနပ်တွေလည်း ရှိပါတယ်။ နောက်တစ်ဆိုင်ကတော့ ဦးရဲမြင့်ရဲ့ အလှကုန်ဆိုင်ပါ။ သူ့ဖောက်သည်နဲ့သူပါ။ ဈေးဆိုင်တွေက မနက်ဆိုရင် ကုန်စိမ်းသည်တွေက ဈေးချိုကနေ ၅ နာရီလောက်ဆို ပြန်ရောက်ကြပြီး ဈေးခင်းကြ၊ ကားပေါ်ကနေ သူ့ကုန်၊ ကိုယ့်ကုန် ကားဆရာက နာမည်ခေါ်ပြီး ကုန်တွေကို ချပေးရတာပါ။ ကျွန်တော်တို့ငယ်ငယ်တုန်းက နန်းတော်ရှေ့ဈေးက ဒီလိုဈေးရုံကြီး မဟုတ်ဘူးဗျ။ သွပ်မိုးနဲ့ ဈေးဆိုင်ကို တစ်ထိုင်လွတ်ဆောက်ထားတဲ့ ဆိုင်ခန်းရှိသလို မလွတ်တလွတ်ဆောက်ထားတဲ့ ဆိုင်တွေလည်း ရှိသေးတယ်။ ဆိုင်ခန်းတွေကို ဈေးရဲ့ အရှေ့ဘက်ကနေ၊ တောင်ဘက်ကနေ၊ အနောက်ဘက် အဲ့ဒီလို မြောက်ဘက်နေ အလယ်ထဲမှာတော့ အကာမပါဘဲနဲ့ အမိုးလေးတွေနဲ့ဆောက်ထားတဲ့ ဆိုင်တွေပေါ့နော်။ အမိုးအကာပါတဲ့ဆိုင်တွေကလည်း ၆ နာရီလောက်ဆို ဖွင့်ကြပြီ။ ဘုရားပန်းလဲတဲ့သူနဲ့ ဆိုင်ခင်းကြတဲ့သူတွေနဲ့ ဈေးဝယ်တွေနဲ့ ပျားပန်းခပ်မျှ ရှုပ်နေပြီ။ လက်ဖက်ရည်မှာထားလို့ လာပို့တဲ့သူ၊ မုန့်တီ၊ မုန့်ဟင်းခါး စားစရာလာပို့ကြတဲ့သူတွေနဲ့ စုံလို့ပါပဲ။ ပေါ်ဦးကုန်စုံဆိုင်လည်း ရှိပါတယ်။ နို့ဟင်းမလိုင်ကတော့ ရွာသာထဲက ဒေါ်အုန်းတစ်ယောက်ပဲ ရောင်းပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက အင်္ကျီချုပ်မယ်ဆိုရင် လူကိုယ်တိုင်ပေကြိုးနဲ့တိုင်းပြီး ချုပ်ရတဲ့ခေတ်ပေါ့ဗျာ။ ဈေးရဲ့တောင်ဘက်မှာ ဦးချစ်လှိုင်နဲ့ ဦးချစ်ဆွေ အဲ့ဒီမှာ ချုပ်ရတယ်။ လူကြီးတွေက လိုက်အပ်ပေးတာ ချုပ်ပေးတာ ဝတ်လိုက်တာပဲ။ အခုခေတ်လို ရယ်ဒီမိတ်တွေ ဘာတွေ မရှိသေးဘူး။ ဈေးအနောက်တောင်ဘက်မှာ ကုက္ကိုပင်ကြီးရှိတယ်။ အဲ့ဒီအပင်ရဲ့အောက်မှာ မြေစိုက်တဲလေးတစ်ခုရှိတယ်။ အဲ့ဒီတဲကလေးကတော့ ဦးသက်တင်ရဲ့ ဖိနပ်ပြင်ဆိုင်ရှိပါတယ်။ ဖိနပ်အသစ်လည်း ချုပ်ပါတယ်။ တံဆိပ်ကတော့ ပူးဂျွန်ပါ။ ဝိုင်းခြင်းခတ်ကစားတာ အလွန်တော်သူပါ။ နောက်ကျတော့ နန်းတော်ရှေ့ဈေးထဲကို ရှမ်းခေါက်ဆွဲဆိုင် တစ်ဆိုင်ရောက်လာပါတယ်။ ဆိုင်ရှင်နာမည်ကတော့ ဒေါ်မော်ပါ။ ဈေးထဲမှာတော့ တစ်ဆိုင်ထဲရှိတဲ့ ဆိုင်ပါ။ မနက်ခင်းကို ရှမ်းတစ်ပွဲနဲ့ လက်ဖက်ရည်တစ်ခွက်သောက်လိုက်လို့ကတော့ မနက်စာလွတ်ပြီ။ အစာပိတ်လေးကတော့ ဒူးယားစိမ်းဘူးအပျော့ တစ်လိပ်လောက် ရှိုက်လိုက်ရလို့ကတော့ အဲ့ဒီမနက်ခင်းဟာ သာသာယာယာပါပဲ။

ကျွန်တော်တို့က သူငယ်ချင်းသုံးယောက်ရှိတယ်။ စက်ချုပ်ကြပါတယ်။ စိတ်တူကိုယ်တူတွေမို့ ညီအစ်ကိုတမျှ ချစ်ကြပါတယ်။ ဥပုသ်နေ့မှာ အလုပ်နားကြတော့ နန်းတော်ရှေ့ဈေးထဲကို မနက် ၇ နာရီလောက် ရေချိုးအဝတ်အစားလဲပြီး သူငယ်ချင်းသုံးယောက် ဈေးထဲကို ချီတက်ကြပြီပေါ့။ တစ်ယောက်က မုန့်ဟင်းခါး(သို့မဟုတ်)ရှမ်းခေါက်ဆွဲကျွေးရင် တစ်ယောက်က လက်ဖက်ရည်တိုက်၊ ကျန်တစ်ယောက်က ဒူးယားစိမ်းဘူးပျော့ တစ်ဘူးဝယ်ပြီး ဘကြီးကျော့ လက်ဖက်ရည်ဆိုင်မှာ ကျောက်ချကြပြီပေါ့ဗျာ။ နောက်ပြီး ဈေးထဲလာတဲ့ ကိုယ့်ရဲ့ ကောင်မလေးကိုလည်း မျှော်ရင်းပေါ့။ နောက်ပြီး လက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေသူငယ်ချင်းတွေနဲ့ စကားပြောရင်း လေကန်ပေါ့။

တခြား စားပွဲဝိုင်းမှာလည်း စာရေးဆရာတွေ ပန်းချီဆရာတွေ စကားပြောတဲ့ဝိုင်းမှာ သူတို့ပြောတဲ့ စကားတွေနားထောင်ပြီး ကိုယ်သိတာလေးတွေလည်း ဝင်ပြောပေါ့။ အလွန်ပျော်စရာကောင်းတဲ့ အချိန်တွေကို ပြန်တမ်းတမိတယ် လွမ်းစရာပဲနော်။ နောက်တစ်ခါ ကိုယ်နဲ့ သိသိမသိသိ လက်ဖက်ရည်ဆိုင်တွေမှာ တွေ့ပါများတော့ မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်သွားကြတာပါပဲ။ ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ်။ အမြင်မတော်တာရှိခဲ့ရင်လည်း ဘကြီးကျော့ အပါအဝင် ကိုယ့်ထက်အသက်ကြီးတဲ့သူတွေက ဆုံးမရင်လည်း နာခံကြတယ်။ ရပ်ဆွေရပ်မျိုးလိုနေကြတာဟာ နန်းတော်ရှေ့ရဲ့ ယဉ်ကျေးမှုတစ်ခုပါ။ နန်းတော်ရှေ့အကြောင်း ရေးမယ်ဆိုရင် ရေးစရာတွေက အများသား။ အသက်ကလည်း ခြောက်ဆယ်ကျော်ပြီဆိုတော့ အတိတ်ကလည်း ခပ်မှေးမှေးဖြစ်နေလို့ တဖြည်းဖြည်းချင်း စဉ်းစားနေရတယ်။ အလွဲလေးတွေရှိခဲ့ရင် ကျွန်တော့်အမှားပါလို့ ပြောပါရစေ။

ကျွန်တော်တို့ နန်းတော်ရှေ့မှာ အထက်မြန်မာပြည်အားကစားဝတ်စုံ ဘောင်းဘီနဲ့ပတ်သက်ရင် စံအေး မန္တလေး စက်ချုပ်ဆိုင်မှာမချုပ်ရင် ခေတ်မမီဘူးတဲ့။ ကျွန်တော်တို့ကတော့ ဆရာကြီးလို့ခေါ်တာ။ ဦးစံအေးလို့ပြောလိုက်ရင် နှုတ်ခမ်းမွေးထူထူနဲ့ ရယ်စရာအလွန်ပြောတာ။ လှတောသားတွေ စကားကြွယ်တယ်ဆိုတာ နန်းတော်ရှေ့သားတွေက ပျင်းတယ်လို့ ပြောကြတယ်။ ၆၂လမ်း၊ ၁၉လမ်း မြောက်ဘက်မှာ မြင့်ဝေ ဆံသဆိုင်၊ အနောက်ဘက်မှာ ဦးစိန်+ဒေါ်မွေးရဲ့ ဆီချက်ခေါက်ဆွဲဆိုင်နဲ့ကပ်လျက်က လူသွားလမ်းရှိပါတယ်။ လမ်းအနောက်ဘက်မှာ ဦးခင်မောင်ရဲ့ ရတနာပုံဆေးခန်း၊ ဦးထွန်းလှရဲ့ ပစ်တိုင်းထောင် ဆံသ၊ စံအေးမန္တလေး စက်ချုပ်ဆိုင်၊ ဦးရာနာရီပြင်ဆိုင်နဲ့ ကိုထွန်းကြိုင်ရဲ့ ကျက်သရေဆောင်ဆံသ၊ အနောက်ဘက်မှာ ဓမ္မာရုံသွားတဲ့လမ်းနဲ့ ထိပ်မှာ ဦးမြမောင်ရဲ့ ထပ်တစ်ရာဆိုင် အအေးလည်းရောင်းသလို ကွမ်းယာလည်း ရောင်းပါတယ်။ ဦးမြမောင်ဟာ အကအလွန်ဝါသနာပါတယ်။ မင်းသားတွေဝတ်တဲ့ တောင်ရှည်ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းတွေကို ကချင်လွန်းလို့ ကိုယ်ပိုင်ဝယ်ထားတာတဲ့။ ပျော်ပွဲရွှင်ပွဲ အခါကြီးရက်ကြီးမှာ ကချင်လို့ မင်းသားဝတ်စုံ သီးသန့်လာငှားရင် မငှားပါဘူးခင်ဗျာ။ မင်းတို့ကို ငှားလိုက်ရင် ဆေးလိပ်မီးပေါက်တာ၊ ကွမ်းသွေးတွေပေမှာ စိုးလို့တဲ့။ အဲ့ဒီခေတ်ကပေါ့ ၂၅ ကျပ်ပေးပါ့မယ်ဆိုလည်း မငှားဘူး။ နောက်ဆုံး လူပါငှားမယ်ဆိုရင်ရော ဆိုတော့ ပိုက်ဆံတစ်ပြားမှမပေးနဲ့ အလကားလိုက်ကပေးမယ်တဲ့လေ။ နန်းတော်ရှေ့သားတွေက ဒီလိုပါဆို။

ဦးမြမောင်ရဲ့ဆိုင်မြောက်ဘက်မှာ မြေကွက်လပ်ကလေးတစ်ခု ရှိပါတယ်။ ညနေအလုပ်အားတဲ့အချိန် ဘကြီးရာ ဦးဆောင်ပြီး ဝါသနာပါတဲ့ လူကြီး၊ လူငယ်တွေ ခြင်းခတ်ကစားတဲ့နေရာပေါ့။ ဝါသနာတူတွေ ခတ်ကစားတာမို့ အလွန်ကြည့်လို့ကောင်းတဲ့ ဝိုင်းလေးပါ။ ရယ်စရာလေးတွေနဲ့ ခတ်ကစားကြတာဟာ ညနေဆည်းဆာရဲ့ စိတ်အဟာရပါပဲ။ နောက်တစ်ခါ အခါအခွင့်သင့်ရင် နန်းတော်ရှေ့ အလွမ်းပြေလေးကို နှောင်းလူငယ်များသိအောင် ရေးချင်ပါသေးတယ်။ နန်းတော်ရှေ့နယ်လုံးဆိုင်ရာ နေထိုင်ကြသော ရဟန်းသံဃာများနဲ့ မိဘပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ခင်ဗျာ။

**မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၁၅ ၁/၃)၊ ရေိယာ(၀ ဒသမ ဝ၆၂၄)ဧက အကျယ်အဝန်းရှိသော ဒေါ်ပိုးသီတာ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရှေ့နံကပ်(၂)ထပ်အဆောက်အအုံတစ်လုံး၊ နောက်အာရ်စီ(၂)ထပ်ခွဲ အဆောက်အအုံ(၁)လုံး၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ် အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးစိုင်းဟောင်ခမ်း(ဘ)ဦးနန်စိုင်းနွန်း(၁၃/ကတန(နိုင်) ၁၂၃၂၁၂)၊ (၂)ဒေါ်နန်းဆွတ်ခမ်း(ဘ)ဦးစိုင်းခမ်းအိုက်(၁၃/ကတန(နိုင်)၁၁၈၃၄၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံး အပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက် ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၃၈)၊ အိမ်အမှတ်(၁၄၉/၂)၊ လားရာအရပ်မှာ အရှေ့လားသော်-ဦးအောင်ထွန်းကျော် မြေအစပ်၊ အနောက် လားသော်-၈၀-အေလမ်းမကြီး၊ တောင်လားသော်-ဦးစိုးနိုင် မြေအစပ်၊ မြောက်လားသော်-ဒေါ်ခင်ဦး မြေအစပ် စသည့်နယ်(၄)ရပ်အတွင်းတည်ရှိသည့် အရှေ့အနောက်(၅၅)ပေ၊ တောင်မြောက်(၁၅) ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ဆောက်အအုံအား ရောင်းချပိုင်ခွင့် ရှိသူဟု အဆိုပြုသူ ဦးခင်မောင်အေး(ဘ)ဦးလှမောင်(၉/မရတ(နိုင်)၀၃၁၆၄၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ များဖြစ်သည့် ၁။ ဦးဇော်ဇော်(ဘ)ဦးကြည်မောင်(၉/မရတ(နိုင်)၀၆၀၃၀၃)၊ ၂။ ဒေါ်တင်တင်နွယ် (ဘ)ဦးမြဟန်(၁၃/မမတ(နိုင်)၀၀၁၇၄၇)ကိုင်ဆောင်သူများမှ "မြေကွက်အရောင်း အဝယ်ကတိစာချုပ်" ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး မြေကွက်အား လက်ရောက်ရယူခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သည့် ဦးဇော်ဇော်နှင့်ဒေါ်တင်တင်နွယ်တို့သာပိုင်ဆိုင်ပြီး ၎င်းတို့၏ခွင့်ပြုချက်မရဘဲ မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားသူတစ်ဦးသို့ လွှဲပြောင်းခြင်းမပြုလုပ်ပါရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**၁။ ဦးဇော်ဇော်(ဘ)ဦးကြည်မောင်**
**၉ /မရတ(နိုင်)၀၆၀၃၀၃**
**၂။ ဒေါ်တင်တင်နွယ်(ဘ)ဦးမြဟန်**
**၁၃ /မမတ(နိုင်)၀၀၁၇၄၇**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဆန်းဝေယံမင်းခန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၀၈၁၆၆၅၅**

**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၅၀-၁)၊ ရေိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိသော ဦးဝင်းမြင့်(ပါ-၆)အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက် သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၁၈-၈-၂၀၂၃)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်ပါဝါအမှတ်(၆၈၉၁/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးဝင်းမြင့် (ဘ)ဦးခင်မောင်(၉/မရမ(နိုင်)၀၂၅၄၆၁)၊ (၂) ဒေါ်ကြူကြူတင်(ဘ)ဦးပြေ(၉/မရမ(နိုင်)၀၂၅၄၆၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက် ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းဦး (ဘ)ဦးညီထွေး(၉/ပကခ(နိုင်)၀၀၂၉၃၄)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းဦးနှင့် ဒေါ်စိုးစိုးလွင်(၇/နတလ(နိုင်)၀၉၂၈၉၇)တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၃-၈-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်မလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒတို့အရ အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးကာ ပြုလုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးမင်းမင်းဦးနှင့် ဒေါ်စိုးစိုးလွင်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းမင်းဦး**
**၉/ပကခ(နိုင်)၀၀၂၉၃၄**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းအောင်**
**(LL.B)(D.B.L),(D.I.L),(D.P.S),(D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၂၉)၊ အမရဌာနီအရှေ့ရပ်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၁၀၁၀၅၁၃**

**မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆၀၄)၊ ဦးပိုင်အမှတ်(၁၀-က+၁၀-ဃ)၊ ရေိယာ(၀ ဒသမ ၀၃၁၀+၀ ဒသမ ၀၀၃၂)ဧက အကျယ်အဝန်းရှိသော ဟောင်ချစ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်မောင်(ခ)ရီဇွတ်(ဘ)ဦးအဒမ်တာရမ်(၉/မရမ(နိုင်)၀၆၃၃၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက် ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(A)၊ ဦးပိုင်အမှတ်(၃၆)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးချန်ဆိုင်တာ (ဘ)ဦးချင်လီပီ(၉/မရမ (နိုင်)၀၇၈၂၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သဥ္ဇာသက်ထား(တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၃၉၅၃)**
**အမှတ်(၂၀–ခ)၊ ၁၅လမ်းနှင့်၈၈(D)လမ်း၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၉၉၅၉၆၊ ၀၉–၇၇၁၁၀၁၀၁၀**

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၅၆)၊ ၄၉လမ်းနှင့်လမ်း၅၀ကြား၊ ၁၁၅လမ်းနှင့်၁၁၆လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၁၀၉၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်ချော်မှူ(၁၃/ကခန(နိုင်) ၁၁၃၈၂၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၇၀၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၂)၊ ဦးပိုင်အမှတ်(၆၅)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်အုန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၀၁၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်အုန်းမြင့်(၉/မရမ(နိုင်)၀၀၉၇၃၅)၊ ဒေါ်ဝိုင်းဝိုင်း (၉/အမရ(နိုင်)၁၀၁၀၁၀)တို့က အမှုတွဲအမှတ်(၁၇၀၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်အမှတ်(၁၉-ခဲစင်း)၊ ၆၁လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးတင်ရွှေ၊ ဒေါ်ခင်ခင် အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၄၅၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်ခင်၊ ဦးရဲဝင်းတင်၊ ဒေါ်လှလှဝင်း၊ ဒေါ်မြတ်စုမွန်၊ ဦးသက်ပိုင်ဖြိုး၊ ဒေါ်အိသက်မွန်တို့ (၆)ဦးအနက် ဒေါ်ခင်ခင်(ပါ-၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၆၈ /၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဒေါ်မြတ်စုမွန်(၉/ခမစ(နိုင်)၀၄၃၈၅၇)၊ ဦးသက်ပိုင်ဖြိုး(၉/ခမစ(နိုင်) ၀၄၃၈၅၈)၊ ဒေါ်အိသက်မွန်(၉/ခမစ(နိုင်)၀၄၃၈၅၉)တို့က အမှုတွဲအမှတ်(၁၇၀၂/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့မှုကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်



နေပြည်တော် ဩဂုတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၄၇၉၅ ဦး၊ သားဖွားဆရာမ ၁၀၅၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၂ ဦး အပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ခုတင်(၅၀)အဆင့်အထိ အထူးကုဆရာဝန်များ ခန့်ထားနိုင်ခြင်းနှင့် သစ်လွင်လက်ထောက်ဆရာဝန်များနှင့် သစ်လွင်သွားနှင့် ခံတွင်းဆရာဝန်များ ထပ်မံခန့်ထားနိုင်ခြင်းကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေးမြင့်မားစေရေးအတွက် ဗဟိုအဖွဲ့အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အခမဲ့ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်ကတိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ လျော့နည်းလာသည်ကို ကောက်ခံရရှိသော အချက်အလက်များအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ပညာရှင်ဘွဲ့ ချီးမြှင့်ခြင်း၊ လုပ်အားခများ ချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည်ဖြင့် ပံ့ပိုးမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ရှိခဲ့ရသော အားသာချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပြီး အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကာ စာမျက်နှာသစ်ကို ပိုမိုလှပစေရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန် မိမိတို့တစ်ယောက်ချင်းစီက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်းများ တိုးတက်စေရေးနှင့် တွေ့ကြုံရသည့် ကျန်းမာရေးဆိုင်ရာပြဿနာများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်သည့် ကျန်းမာရေးစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကြပြီး တက်ရောက်လာကြသည့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံမှ Yangon Galacticos အသင်း Esports ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲ၌ ကမ္ဘာ့ချန်ပီယံဆုရရှိ

ရန်ကုန် ဩဂုတ် ၄

ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပသည့် Esports အားကစား ကမ္ဘာ့ဖလားပြိုင်ပွဲ-၂၀၂၅ PUBG Mobile World Cup တွင် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းက ကမ္ဘာ့ချန်ပီယံဆု ရရှိသည်။

**အနိုင်ရရှိ**

ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည့် Grand Final ပွဲတွင် တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယား နိုင်ငံတို့မှ အသင်းများကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး နောက်ဆုံးပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့် Esports ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အသင်းတစ်သင်းအနေဖြင့် Yangon Galacticos အသင်းက ပထမဆုံးအကြိမ်အဖြစ် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ချန်ပီယံ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ရရှိသည်။

အလားတူ MLBB MSC Esports World Cup 2025 ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ Mythic SEAL အသင်းက ကမ္ဘာ့အဆင့် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံမှ အမျိုးသမီးအသင်းဖြစ်သည့် Terror Queen အသင်းကလည်း MLBB MSC Esports World Cup-2025 Mobile Legends; Bang Bang-Women's Invitational (MWI) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် တတိယဆုရရှိကာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ရရှိခဲ့သည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်နာယက ဦးကောင်းထက်စံက "ယခု အောင်မြင်မှုဟာ မြန်မာအီလက်ထရောနစ် အားကစားသမိုင်းမှာ အမြင့်မားဆုံးအောင်ပွဲဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်မီကတည်းက လူငယ်တွေကို အမြဲအားပေးပြီး အဘက်ဘက်က ငွေအား၊ လူအားနဲ့ စီမံခန့်ခွဲလမ်းညွှန်မှု အမြဲမပြတ်ဆောင်ရွက်ပေးခဲ့တဲ့ ကမ္ဘောဇဘဏ်နာယကကြီး ဦးအောင်ကိုဝင်းကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် Esports အားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို ကမ္ဘာ့အသိအမှတ်ပြုထူထောင်ခဲ့ပြီး ဂုဏ်ထူးဆောင်နာယကများအဖြစ် ဒေါ်နန်းလိုင်းခမ်း၊ ဒေါ်နန်းခမ်းနောင့်နှင့် နာယကအဖြစ် ဦးကောင်းထက်စံတို့က ဦးဆောင်ကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့် လူငယ်များက အနီးကပ်ကြီးကြပ်၍ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို KBZ Bank နှင့် KBZ Pay တို့က ၂၀၂၀ ပြည့်နှစ်မှစတင်ကာ အဓိကပံ့ပိုးကူညီပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ Esports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲတွင် Dota 2၊ Valorant၊ PUBG Mobile၊ Mobile Legends အပါအဝင် Esports အမျိုးအစား ၂၅ မျိုးကျော် ထည့်သွင်းကျင်းပနေသည့် အားကစားပြိုင်ပွဲ ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပလျက်ရှိသည့် Esports အားကစား ကမ္ဘာ့ဖလား ၂၀၂၅ ပြိုင်ပွဲသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာ Esports ပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ အသင်း ၂၀၀ ကျော်နှင့် ပရော်ဖက်ရှင်နယ်ကစားသမားပေါင်း ၂၀၀၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**KMKD**

၀-၀-၀-၀




# အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရန် မြန်မာအသင်း ဗီယက်နမ်သို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၄

ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ကစားသမား ၂၃ဦးပါဝင်ပြီး မန်နေဂျာအဖြစ် ဦးကြည်လွင်၊ နည်းပြချုပ်အဖြစ် တက်ဆုရိုယုကီတို့က ဆောင်ရွက်မည်ဖြစ်သည်။



မြန်မာအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၇ ရက်တွင် ဩစတြေးလျ ယူ ၂၃၊ ဩဂုတ် ၁၀ရက်တွင် တီမော၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)